လွမ်းပြေကျေးရွာ

သနပ်ပင်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွမ်းပြေကျေးရွာ၊ သနပ်ပင်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


မာတိကာ ၁
စကားချီး ၅
လွမ်းပြေကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သနပ်ပင်မြို့နယ် ၇

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု
(ဂ) စီမံကိန်း၏ လွမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဉီများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀
၈။ ဦးစားပေးစီမံချက်များနှင့်ငှ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၁
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊
ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး
အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၄
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်
စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ** ၆၆
ဇယား (၄၅)
**ကိုးကားစာရင်း** ၇၀
**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၁
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ(၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူအများ ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပသည်။ ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက် ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အ တွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လွမ်းပြေကျေးရွာ
သနပ်ပင်မြို့နယ်

## လွမ်းပြေကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ သနပ်ပင်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ် သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေ ခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း

နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် သနပ်ပင်မြို့၏အရှေ့တောင်ဘက် (၁၈)ကီလိုမီတာခန့် အကွာတွင်တည်ရှိသည်။ မိုးတွင်းရာသီ၌ နေရာဒေသအများစုမှာ ရေများဖုံးလွှမ်းထားသဖြင့် ရေလမ်းခရီးကို အဓိကအားထားသွားလာကြပါသည်။ ချောင်းရိုးသည် ရွာအလယ်မှ ဖြတ်သန်းစီးဆင်းနေပြီး ချောင်းလက်တက်များမှ အခြားကျေးရွာများသို့ မိုးရာသီတွင် ရေလမ်းမှ အလွယ်တကူ ကူးသန်းသွားလာနိုင်ကြသည်။ ကျေးရွာ၏အနောက်ဘက်တွင် ဆက်သွယ်ရေးတာရိုးရှိပြီး ကမာစဲ ကျေးရွာသို့၊ ယင်းမှ တဆင့် သနပ်ပင်သို့ ကုန်းလမ်းဖြင့် ခြောက်သွေ့ရာသီတွင် သွားလာနိုင်ကြသည်။ ကျေးရွာတွင် အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများဖြစ်ကြပြီး ကျေးရွာတွင် အများစုလုပ်ကိုင်ကြသော ဘဲမွေးမြူရေးမှာ ဒေသအနေ အထားနှင့် သင့်လျော်သည်။ စစ်တောင်းမြစ်နှင့်အလှမ်းကွာဝေးပြီး ဆားငန်ရေ ဝင်ရောက်မှုမရှိပဲ ကုန်းတွင်းဆန်သည်။ ပထဝီအနေအထားဖြင့် မြေနိမ့်ပိုင်းတွင် တည်ရှိနေခြင်းဖြစ်ပြီး မိုးတွင်းကာလတွင် ရေလမ်းနှင့် ခြောက်သွေ့ရာသီတွင် ကုန်းလမ်းဖြင့် ပို့ဆောင်သွားလာကြသည်။ ကျေးရွာရှိလယ်မြေများသည် ရွာပတ်လည်တွင်တည်ရှိပြီး မိုးတွင်းကာလ ရေဖုံးလွှမ်းခံရကာ စပါးစိုက်ပျိုးချိန် နောက်ကျတတ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၈၀ မှ ၁၀၀ ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။

### (ခ) သဘာဝအရင်းအမြစ်

ဓါတ်သတ္တုများမထွက်ရှိပါ။ သနပ်ပင်မြို့နယ်တွင် မိုးတွင်းရာသီ၌ နေရာဒေသအများစုမှာ ရေများဖုံးလွှမ်းထားသဖြင့် ရေလမ်းခရီးကို အဓိကအားထားသွားလာကြပါသည်။ ဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေးကို အဓိကထားလုပ်ကြပြီး မြေသြဇာအသင့်အတင့်မျှ ကောင်းသော စိုက်ပျိုးမြေများဖြစ်ပြီး သီးနှံအထွက်မှာ သာမာန်မျှသာ ဖြစ်ပါသည်။ မိုးရာသီတွင် ရေဖုံးလွှမ်းသော ဧရိယာများပြားသဖြင့် ဘဲမွေးမြူရေး၊ ရေချိုငါး မွေးမြူရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ပြီး ဝင်ငွေတိုးပွါးရေးအတွက် သဘာဝအရင်းအမြစ်တစ်ရပ်အဖြစ် အသုံးချနိုင်ကြပေမည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၉၈၀)ဧကရှိပြီး စပါးနှင့် ပဲဒီစိမ်း၊ မြေပဲ၊ ထောပတ်ပဲတို့ကို အဓိက စိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စု(၁၆၈)စုရှိပြီးကျား(၄၂၀)ဦး၊ မ(၄၅၉)ဦး၊ လူဦးရေစုစုပေါင်း (၈၇၉)ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစု လျှင် (၅.၂)ဦးရှိသဖြင့် မြန်မာနိုင်ငံ၏ တစ်အိမ်ထောင်

ပျမ်းမျှလူဦးရေဖြစ်သော (၅)ဦးထက် အနည်းငယ်မျှပိုသည်ကို တွေ့ရှိရပါသည်။ အသက်(၁၅နှစ် မှ ၆၀ နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေ ၇၄% ရှိသဖြင့် အတော်အသင့်မြင့်မားကာ လူငယ်လူရွယ်များကို သက်မွေးပညာကျွမ်းကျင်မှုများ မြင့်တက်လာအောင် လေ့ကျင့်ပေးခြင်းဖြင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် အသုံးချနိုင်ပေမည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၇%ကိုဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်၊ ၂၃%သည် ချမ်းသာသည့်အဆင့်နှင့် အလယ်အလတ်အဆင့်ရှိကြသည်ဟုသတ်မှတ်ကြသည်။ လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်စသော လုပ်ငန်းများတွင် ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေတိုးချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊ လက်လုပ်လက်စား၊ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေ အတွက်(၆၃%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ တချို့အိမ်ထောင်စုများမှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်ကိုင်ပြီး ဝင်ငွေရှာဖွေကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၄၅)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၁%မှာ သူတပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၂၂% မှာ ၃ လမှ ၅ လခန့်၊ ၄၇%မှာ ၆ လမှ ၁၂ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံး၏ ၆၉%သည် အကြွေးငွေ ၂၀၀၀၀/-ကျပ်မှ နှစ်သန်းကျပ် အထိ တင်ရှိနေကြသည်။

ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ ၄%ကျော်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာမိသားစုဦးရေများပြားကြသည်။ အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု(၃၂)စုနှင့် မုဆိုးဖို၊ တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု (၂)စုတို့သည်လည်း ဆင်းရဲသည့် ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။ အခြားထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မသန်စွမ်း(၆)ဦးနှင့် မိသားစုစောင့်

ရောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၇)ဦးတို့ဖြစ်ကြသည်။ ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက် လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ၊ အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ် ရှိတတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသေးပဲ ကျန်းမာရေးဝန်ဆောင်မှုမှာ ကျေးရွာတွင်း အဆင်သင့်မရနိုင်သေးပါ။ လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုအတွက် အနီးဆုံးအဖြစ် (၂.၄)ကီလိုမီတာဝေးသော ရစ်ကံလေးကျေးရွာရှိ ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကြရသည်။

တစ်ရွာလုံးအတွက် အဓိကသောက်ရေကန်တစ်ကန်ရှိကာ နွေရာသီတွင် တစ်ခါတစ်ရံ ရေခန်းသွားတတ်သော်လည်း အများအားဖြင့် တစ်နှစ်ပါတ်လုံးအတွက် သောက်သုံးရေ လုံလောက်မှုရှိပါသည်။ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၇%သာရှိပြီး တောထိုင်နှင့် တွင်းတည့်အိမ်သာသုံးစွဲမှု များသည်။ ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရေကြောင့်ဆက်စပ် ဖြစ်ပွါးတတ်သည့် ရောဂါဖြစ်ပွါးမှုများရှိတတ်ပါသည်။ ကျေးရွာရှိ မူလတန်း၊ မူလတန်းလွန် ကျောင်းသူ/ကျောင်းသားများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လုံလောက်သော အသုံး အဆောင်များမရှိပါ။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ သက်ကြီးပိုင်း အချို့မှလွဲပြီး ရွာသားများ၏ ၉၃%သည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုတတ်မြောက်ကြသည်။ ဆယ်တန်းအောင်ကျား (၁၅)ဦး၊ မ (၇)ဦး ပေါင်း (၂၂)ဦးဖြင့် (၉)နှစ်အထက် လူဦးရေ၏ (၂.၈%)၊ ဘွဲ့ရအရေအတွက် ကျား(၃)ဦး၊ မ(၁)ဦး ပေါင်း (၄)ဦးဖြင့် (၀.၅%)တို့ရှိသဖြင့် အဆင့်မြင့်ပညာရေးအပိုင်းတွင် အသင့်အတင့်မျှ အနေအထားရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကိုရွာထဲရှိမူလတန်းနှင့် မူလတန်းလွန်ကျောင်းတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များ တွင်အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် အထက်တန်းမှလွဲ၍ ကျန်အတန်းများ၌ မိန်းကလေး အရေအတွက်သည် ယောက်ျားလေးအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာအလွန်လျော့နည်းလျက်ရှိသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်း(၄)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။ ဂေါပကအဖွဲ့မှာ ကျေးရွာတွင် လှုပ်ရှားဆောင်ရွက်မှု အားကောင်းပြီး လူမှုရေးအဖွဲ့မှာလည်း နာရေးကိစ္စ အပါအဝင် အခြားလူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတွင် မြို့နယ်သမဝါယမဦးစီးဌာနကဦးစီးပြီး ကျေးရွာသမဝါယမအသင်း ဖွဲ့စည်းပေးထားပြီး ချေးငွေထုတ်ချေးကာ လည်ပတ်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပါတ်သက်၍အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

စိုက်ပျိုးမြေဧက (၉၈၀)ရှိပြီး လယ်မြေအများစုမှာ မိုးတွင်းကာလ၌ ရေကြီးကွင်းများဖြစ်ကြသည်။ စပါးစိုက်ပျိုးမှုမှာ ထူးခြားမှုရှိသည်။ ရေမြေအနေအထားအရ ရေကြီးကွင်းဧရိယာများပြားသဖြင့် လယ်ယာမြေများသည် မိုးရာသီ၌ ရေအောက်တွင်ရောက်နေကြပြီး အချိန်မီ မစိုက်ပျိုးနိုင်ကြချေ။ တောင်သူများအနေဖြင့် စပါးကို မိုးဦးကျတွင် ပျိုးထောင်ထားပြီး ရေနည်းသောကွင်းများတွင်အချိန်မီစိုက်ပျိုးနိုင်ကြသော်လည်း ရေကြီးကွင်းများတွင်မူ ရေထုလျော့ကျသွားသည့် စက်တင်ဘာလအထိ ပျိုးထောင်ထားရကာ ပျိုးပင်များမှာ အဆစ် ၃ – ၄ ဆစ်မကပင် ရှိလာခဲ့ရသည်။ လယ်ကွင်းများတွင် ရေထုလျော့ကျသွားချိန်ကျမှ ပျိုးထောင်စပါးများကို အဆစ်များပါအောင် ရိတ်ကာစိုက်ပျိုးကြရသည်။ စိုက်သောအပင်များတွင် အဆစ်များပါလာသဖြင့် အဆစ်များမှလည်း ဆစ်ပွါးများထွက်ရှိလာကြသည်။ စပါးရိတ်သိမ်းသောကာလမှာ အနည်းငယ်နောက်ကျပြီး အထွက်နှုန်းမှာလည်း တစ်ဧက ၁၀ တင်းမှ ၃၅ တင်းအတွင်းသာ ထွက်ရှိကြသည်။ လယ်သမားအချို့တွင်

ရေစုပ်စက်များပိုင်ဆိုင်ကြပြီး ရေသွင်းစိုက်ပျိုးရန်ထက် ငါးကန်များမှ ရေစုပ်ထုတ်ရန်အသုံးပြုမှု များပြားပါသည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကိုရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။

၂၀၁၅ ဇူလိုင်လစစ်တမ်းအရ နွားမွေးအိမ်ထောင်စု (၄၂)စု၊ မြင်းမွေးအိမ်ထောင်စု(၄)စု၊ ကျွဲမွေးအိမ်ထောင်စု (၃၉)စု၊ ဝက်မွေးအိမ်ထောင်စု (၈၆)စု၊ ဒေသကြက်မွေးအိမ်ထောင်စု (၈၀)စုနှင့် ဘဲမွေးအိမ်ထောင်စု (၄၅)စုတို့ရှိကြသည်။ ကျေးရွာတွင် ခါတ်ဘဲသားဖောက်လုပ်ငန်းတစ်ခုရှိပြီး ဘဲဥမှာလည်း ဝယ်လိုအားရှိပြီး အသင့်အတင့်အကျိုးရှိသော ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဘဲစာအဖြစ် ဆန်ကွဲ၊ ဖွဲနုနှင့် ပုဇွန်ဖွဲတို့ကို ရောနှော ကျွေးမွေးကြသည်။ သနပ်ပင်မြို့ပေါ်တွင်လည်း ခါတ်ဘဲသားဖောက် လုပ်ငန်းများရှိပြီး ဘဲသားပေါက်များကို ကာလပေါက်ဈေးဘဲမတစ်ကောင်လျှင် (၅၅၀)ကျပ်နှုန်းဖြင့် ကြိုတင်မှာယူရရှိနိုင်သည်။ ဥနှုန်းကောင်းသောဘဲမျိုးများက (၈၀%)အထက် အုနိုင်သည်။ ဘဲဥထုတ်လုပ်သူများသည် ဘဲဥကို တန်ဘိုးမြှင့်ပြုပြင်ထုတ်လုပ်နိုင်ပါက အလုပ်အကိုင်နှင့်ဝင်ငွေပိုမိုရရှိနိုင်ပေမည်။ ယခုနောက်ပိုင်းတွင် ဘဲစာဈေးနှုန်း မြင့်တက်လာမှုကြောင့် ဘဲမွေးသူများ မျှော်မှန်းသလောက် အမြတ်အစွန်း မရနိုင်ကြပါ။ ဘဲစာဈေးနှုန်း မြင့်တက်ချိန်တွင် အစာပမာဏအပြည့် မကျွေးခြင်း၊ ဈေးသက်သာပြီး အရည်အသွေး မပြည့်သောအစာကို ကျွေးခြင်းတို့ကြောင့် ဥနှုန်းကျဆင်းခြင်း၊ ဘဲဥရောင်းချ ဝင်ငွေလျော့နည်းခြင်းကြောင့် ဘဲစာအပြည့် အဝမကျွေးနိုင်ခြင်းတို့ ဆက်စပ်နေကာ ယခုကာလတွင် ဘဲမွေးသူအများစုမှာ အရှုံးနှင့် ရင်ဆိုင်နေကြရပြီး တွက်ခြေမကိုက်၍ ဘဲအရင်များကို ထုတ်ရောင်းဈေးမှာလည်း တစ်ကောင်လျှင် (၁၇၀၀)ကျပ် ဝန်းကျင်သာ ရရှိနိုင်ကြသည်။

ငါးမွေးမြူရေးကန်အဖြစ် သီးသန့်မရှိသော်လည်း အိမ်ထောင်စု (၁၈)စုတွင် လယ်မြေ၌ ကန်အငယ်များတနိုင်တပိုင် တူးဖော်ထားရှိပြီး သဘာဝအလျောက် ပေါက်ပွါးသောငါးရိုင်းများကို ဖမ်းဆီးရောင်းချကာ တစ်ဖက်တစ်လမ်းကဝင်ငွေရရှိနိုင်ကြသည်။ အဆိုပါငါးမွေးကန်များကို စနစ်ကျသောမွေးမြူမှုနည်းစနစ်နှင့် သွင်းအားစုများထောက်ပံ့နိုင်ပါက တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိစေနိုင်ပါမည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ခါတ်ဘဲဖောက်လုပ်ငန်းတစ်ခုမှအပ အခြားအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ စက်ပြင်၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဘဲဥရောင်းဝယ်ရေး၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုး

ရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့်တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။

### (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင် ဆောင်ရွက်ပေးသင့်သည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ကျပ်တိုး၊ တစ်ဧက တစ်သိန်းကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ သို့သော်ပုံစံ(၇) မတင်ပြနိုင်သောတောင်သူများအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို ချေးယူခွင့်မရဖြစ်တတ်သည်။ ကျေးရွာသမဝါယမ အသင်းဝင်များအနေဖြင့် တစ်နှစ်အတိုးနှုန်း (၁၈%)ဖြင့် ကျေးရွာတွင် ချေးငွေကာလ (၆)လထိ ချေးယူနိုင်ကြပြီး တချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုးနှုန်း ၆၀% မှ ၁၂၀%ဖြင့် ချေးယူနိုင်ကြသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရပါဝင်သောဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံး၏ ၆၉%သည် အကြွေးယူထားကြပြီး အကြွေးငွေ နှစ်သောင်းကျပ်မှ သိန်းနှစ်ဆယ်အထိ ချေးယူထားကြောင်းတွေ့ရှိရသည်။

### (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိမူလတန်းကျောင်းဆောင်၏ အမိုးမှာ ပေါက်ပြဲသောနေရာအချို့ရှိနေပါသည်။ မူလတန်းလွန်ကျောင်းဆောင်မှာ သက်ကယ်မိုး၊ ဝါးထရံကာဖြစ်ပြီး မူလတန်းကျောင်း၌ အစိုးရခန့် မူလတန်းပြဆရာ/မ(၄)ဦးရှိပြီး တပည့်ဆရာအချိုးသည် (၂၆)ဖြစ်နေကာ လုံလောက်မှုရှိပါသည်။

သို့သော်မူလတန်းလွန်ကျောင်းရှိ ပဥ္စမတန်းကျောင်းသား (၆၁)ဦးအတွက်အတွက်မူ ဆရာမ (၁)ဦးသာ ရှိသေးသဖြင့် တိုးချဲ့ခန့်ထားပေးရန် လိုအပ်ပါသည်။

မိမိတို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသေးပါ။ လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုအတွက် (၂.၄)ကီလိုမီတာအကွာရှိ ရစ်ကံလေးကျေးရွာသို့ သွားရောက်ရပါသည်။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု အဆင်သင့်ရနိုင်နိုင်စေရန် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပြီး သားဖွားဆရာမတစ်ဦးပါ တိုးချဲ့ခန့်ထားပေးရန် ကျေးရွာသားများလိုလားနေကြပါသည်။

ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ဂျာနယ်များကိုအသုံးပြုနိုင်ကြပါသည်။ လက်ကိုင်ဖုန်းဆက်သွယ်ရေးမှာ အသင့်အတင့်မျှ ကောင်းမွန်ပြီး အင်တာနက်လိုင်းမှာ မြန်နှုန်းနှေးကွေးပါသေးသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်လူရွယ်များအသိအမြင်ကြွယ်ဝတိုးတက်ရေးအတွက် စာကြည့်တိုက်နှင့် ကွန်ပျူတာ၊ ပရိဘောဂပစ္စည်း၊ အခြားလိုအပ်သော ကိရိယာတန်ဆာပလာများ ပြည့်စုံသောလေ့လာသင်ယူရေးနေရာတစ်ခုတို့ လိုအပ်နေပါသည်။ ကျေးရွာတွင် ရပ်သူရွာသားများသည် ဘာသာရေး၊ လူမှုရေးကိစ္စရပ်များတွင် လူကြီး၊ လူလတ်၊ လူငယ်၊ ကျား၊ မတို့ ညီညွတ်တက်ကြွစွာကျရာတာဝန်ကို ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်းရှိလမ်းများမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သနပ်ပင်သို့ရေလမ်းခရီး (၁၈)ကီလို မီတာကို စက်လှေဖြင့်သာ သွားလာနိုင်ပါသည်။ ကျေးရွာတွင် စက်လှေ (၂၈)စီး၊ လောင်းလှေ (၁၀၃)စီးတို့ကို ရေကြောင်းခရီးတွင်အသုံးပြုရန် ပိုင်ဆိုင်ထားကြပါသည်။ မိုးကုန်ပိုင်းတွင် ချောင်းတွင်းရေထု နည်းသွားသဖြင့် ရေကြောင်းသွားလာရန် မဖြစ်နိုင်တော့ပဲ ကုန်းကြောင်းဖြင့် သွားလာကြပါသည်။ မိုးအကုန် ဆောင်းအကူးတွင် မြေသားမမာသေးသည့် ကြားကာလတွင်လည်း သွားရေးလာရေး ခက်ခဲတတ်ပါသည်။ ကျေးရွာမှမြို့သို့တက်ရာကားလမ်းအထိကို မြေသားလမ်းဖြင့် ဆက်သွယ်ထားပြီး ထိုလမ်းကို ကျောက်ချောလမ်းခင်းနိုင်ပါက ကုန်းလမ်းဖြင့် တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။ ကုန်းလမ်းဖြင့်သွားလာရန် ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၄၉)စီး၊ ထွေလာဂျီ (၁)စီး ပိုင်ဆိုင်ကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်း မရှိသေးပါ။ ရွာသားများအနေဖြင့် လျှပ်စစ်မီး သွယ်တန်းအသုံးပြုလိုကြသော်လည်း ပင်မဓါတ်အားလိုင်းနှင့်လည်း (၁၅)ကီလိုမီတာခန့် ကွာဝေးပြီး ငွေကြေးအင်အားနည်းသဖြင့် သွယ်တန်းအသုံးပြုရန် အလှမ်းဝေးနေပါသေးသည်။ ကျေးရွာလူထုသည် ရေဒီယို၊ ရုပ်မြင်သံကြားနှင့်ဂျာနယ်တို့ကို ကောင်းမွန်စွာအသုံးပြုနိုင် ကြသော်လည်း

မိုဘိုင်းဖုန်းဆက်သွယ်ရေးမှာ အကန့်အသတ်ရှိနေဆဲဖြစ်ကာ အင်တာနက်စနစ်ကို အသုံးချနိုင်စွမ်း နည်းပါးနေပါသေးသည် ။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက် သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက် သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက် ထား သူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့် ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကုလားချောင်းကြီးရဲစခန်း၊ သနပ်ပင် ရဲစခန်းတို့နှင့် အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ**

- ကျေးရွာသည် မြေနိမ့်ပိုင်းတွင်တည်ရှိပြီး ရေမြုပ်ဧရိယာများပြားသဖြင့် ဘဲမွေးမြူရေးနှင့် ရေချိုငါးမွေးမြူရေးတို့အတွက် အခြေအနေကောင်းရှိပါသည်။
- သနပ်ပင်နှင့်ပဲခူးမြို့များသို့ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီးကုန် စည်စီးဆင်းမှုမြန်ဆန်ပါသည်။ မိုးအကုန် ဆောင်းအကူးကာလတွင်တော့ ခက်ခဲကြန့် ကြာတတ်ပါသည်။
- ဒေသတွင် ရာဇဝတ်ပြစ်မှုဖြစ်ပွါးခြင်း အလွန်နည်းပြီးဒေသတည်ငြိမ် အေးချမ်းမှုက အရောင်းအဝယ် ပိုမိုဖြစ်ထွန်းစေသည်။
- ကျေးရွာတွင် မူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းတို့ကို ဖွင့်လှစ်ထားသဖြင့် ကျေးရွာမှ ကျောင်းသားမိဘများအတွက် အလယ်တန်းပညာရေးအထိ ပညာသင်စရိတ် အသင့်အတင့် သက်သာစေနိုင်သည်။
- လုပ်သားအင်အားများပြားပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် သူတို့အား ကျွမ်း ကျင်မှု သင်တန်း၊ သက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုးပေးနိုင်သည်။
- ရွာသားများသည် ဖုန်း၊ အင်တာနက်တို့သုံးစွဲရန် လက်လှမ်းမှီသည်။ ရွာထွက်ကုန်၊ သွင်း အားစုများ၏ ဈေးနှုန်းများကို လှမ်းမေးသိရှိနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

- တောင်သူများအတွက် လယ်ယာလုပ်ငန်းချိန်တွင် အလုပ်သမားမလုံလောက်မှုကို ခက်ခဲ စွာရင်ဆိုင်နေကြရသည်။ ထို့ကြောင့်စပါးစိုက်ပျိုးချိန်တွင် ပျိုးစိုက်ခြင်းထက် ကြဲပက် စနစ် များကို အသုံးပြုကြရပြီး အထွက်နှုန်းကို ထိခိုက်စေသည်။

- မြေနိမ့်ဒေသဖြစ်သည်နှင့်အညီ လယ်မြေများမှာ မိုးတွင်းကာလ ရေကြီးကွင်းများဖြစ်နေပြီးစိုက်ပျိုးချိန်များနောက်ကျခြင်း၊ မိုးရွာသွန်းမှုလျော့နည်းခြင်းတို့ကလည်း စိုက်ပျိုးသီးနှံများကို အထွက်လျော့စေသည်။ တခါတရံ မိုးခေါင်ခြင်းများကလည်း အထွက်နှုန်းကိုပိုမိုထိခိုက်စေသည်။
- ဘဲမွေးမြူရေးအကျိုးအမြတ်ရရှိရေးတွင် ဘဲစာတန်ဖိုးသည် တိုက်ရိုက်အချိုးကျသဖြင့် ယခုနောက်ပိုင်းကာလတွင် ဘဲစာဈေးနှုန်းကြီးမြင့်လာမှုသည် ဘဲမွေးမြူသူများအတွက် အဟန့်အတားတစ်ခုဖြစ်သည်။
- သက်ဆိုင်ရာဌာနများမှ နည်းပညာဝန်ဆောင်မှုများ ရနိုင်သော်လည်း ခရီးသွားရန် ခက်ခဲခြင်း(သို့) ခရီးစရိတ်အခက်အခဲတို့ကြောင့် ရွာသို့အရောက်အပေါက်နည်းကာ နည်းပညာပိုင်း ဆိုင်ရာဝန်ဆောင်မှုကို လက်လှမ်းမမီဖြစ်တတ်သည်။
- စိုက်ဘဏ်မှ ငွေထုတ်ချေးရန် တချို့တောင်သူများမှာ လယ်ယာမြေအသုံးပြု ခွင့်လက်မှတ်ပုံစံ (၇)မရှိ၍ ငွေမချေး နိုင်ခြင်း၊ ငွေတိုးချေးစားသူများထံမှအတိုးနှုန်းကြီးမြင့်ခြင်း၊ အာမခံလုပ်ငန်းတို့မရှိခြင်း၊ စီးပွါးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးယူရန် အပေါင်ပစ္စည်း လိုအပ်ခြင်း၊ မြို့နယ်ရှိဘဏ်များမှ ကျေးလက်အရောက် ဝန်ဆောင်မှု မပေးနိုင်ခြင်း၊ စီးပွါးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးယူရာတွင် ငွေချေးယူလိုသူများအတွက် ပုံစံဖြည့်စွက်ရာတွင် အခက်အခဲရှိခြင်းတို့ကြောင့် ချေးငွေရယူရေး အဟန့်အတားရှိသည်။
- မူလတန်းလွန်ကျောင်းတွင်ဆရာအင်အားမလုံလောက်ချေ။ဝန်ထမ်းအင်အား ဖြည့်တင်းရန်ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်သည်။ မူလတန်းလွန်ကျောင်းဆောင်မှာ သက္ကယ်မိုး၊ ကြမ်းခင်း၊ ဝါးထရံကာ ဖြစ်ပြီး စာသင်ခုံများ မလုံလောက်ခြင်း၊ မူလတန်းကျောင်း ဆောင်မှာလည်း ခေါင်မိုးပေါက်ပြဲပြီး စာသင်ခုံမလုံလောက်ခြင်းတို့ရှိနေသဖြင့်ကလေးပျော်ကျောင်း ပတ်ဝန်းကျင်ဖန်တီးရေးမှာ လိုအပ်ချက်ရှိနေဆဲဖြစ်ပါသည်။
- ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု မရှိသေးသဖြင့် ကျန်းမာရေးဝန်ဆောင် မှုကို ကျေးရွာတွင် အဆင်သင့်မရနိုင်ပဲ အနီးရှိကျေးရွာကို မှီခိုအားထားရသည်။
- ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ ရွာသားများအတွက် လူနေမှုအဆင့်အတန်းနှင့် ဖွံ့ဖြိုးရေးကို အတိုင်းအတာ တစ်ရပ်ထိ သက်ရောက်မှု ရှိပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်း မှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် ကျန်းမာရေး၊ ကျေးရွာမီးလင်းရေးနှင့် သယ်ယူပို့ဆောင်ရေးကောင်းမွန်လာခြင်းတို့မှတဆင့်လူနေမှုအဆင့်အတန်း မြင့်မား လာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေ ပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာရှိကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည် မြင့်မားရေးတို့အတွက် ကျေးရွာတွင် မူလတန်းလွန်ကျောင်းတွင် ဆရာ၊ဆရာမအင်အား ဖြည့်တင်းနိုင်ရေး၊ကျောင်းသုံးပရိဘောဂဖြည့်တင်းရေး၊ မူလတန်းကျောင်းဆောင်ပြုပြင်မွမ်းမံရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြမည်။ လူငယ်လူရွယ်များ လေ့လာစရာအခွင့်အလမ်းများ ပိုမိုရရှိအောင် လက်ရှိစာကြည့်တိုက် အဆောက်အဦးတွင် စိတ်ဝင်

စားဖွယ်ရာ ဖတ်စရာစာအုပ်များဖြည့်တင်းရေး၊ ကွန်ပျူတာအသုံးပြုနိုင်ရေးအစီအမံများ၊ စာကြည့်တိုက်စီမံ ခန့်ခွဲမှုသင်တန်းများ၊ အခြားစာကြည့်တိုက်အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကိုလည်း ညှိနှိုင်းဆောင်ရွက်သွားကြမည်။

(၄) ကျေးရွာပိုင်အဆောက်အဦးများ ပိုမိုကောင်းမွန်လာစေရန် တံတားတည်ဆောက်ခြင်း၊ ရွာချင်းဆက်လမ်းကို အဆင့်မြှင့်တင်ခြင်းတို့အတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြမည်။ ကျေးရွာကျန်းမာရေးအပိုင်းတွင် အိမ်ထောင်စုအသင့်အတင့်များပြားသည့် ကျေးရွာဖြစ်သည့်အလျောက် ကျေးလက်ဆေးပေးခန်းတည်ထောင် ဖွင့်လှစ်နိုင်ရေး၊ ယင်လုံအိမ်သာစနစ်တကျသုံးစွဲနိုင်ရေးတို့အတွက်လည်း တို့ကိုလည်း ဆောင်ရွက် သွားကြမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ် များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ပဲဒီစိမ်း၊ မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် အလုပ်ချိန်တွင် အလုပ်သမားမလုံလောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီမည့်စက်ကရိယာများလိုအပ်ချက်ရှိသည်။ ကျွန်တော်တို့ကျေးရွာရှိလယ်မြေများကို မိုးတွင်းကာလ ရေဖုံးလွှမ်းပြီး စိုက်ပျိုးချိန်နောက်ကျခြင်းကြောင့် ရေထုပမာဏ မြန်မြန်ကျဆင်းသွားရန် လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် မျှော်လင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ပါက

အချိန်မီစိုက်ပျိုးနိုင်ပြီးသီးနှံအထွက် တိုးတက်ရရှိနိုင်ခြင်း၊ သီးထပ်စိုက်ပျိုး ဧရိယာတိုးတက်လာခြင်း တို့မှ မိသားစုဝင်ငွေများ တိုးတက်ရရှိ စေပါမည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း များအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်သည့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အ ကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ် လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအ ထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**(င) ကျေးရွာမီးလင်းရေး**

ကျေးရွာမီးလင်းရေးအတွက် ရွာသားများအလွန်စိတ်ဝင်စားကြသော်လည်း ပင်မ ဓါတ်အား လိုင်းနှင့် (၁၅) ကီလိုမီတာခန့် ကွာဝေးခြင်းနှင့် ငွေကြေးအားနည်းခြင်းတို့သည် ကျေးရွာမီးလင်းရေး တို့အတွက် အဟန့်အတားအဖြစ် ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံတော်မှ အထောက်အပံ့ကို အထိုက် အလျောက်ရရှိနိုင်လျှင် ကျေးရွာမီးလင်းရေး အစီအစဉ် အောင်မြင်နိုင်ခြေရှိပါမည်။ ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဆိုပါက ထင်းဖိုး၊ ဖယောင်းတိုင်ဖိုးတို့အတွက် ကုန်ကျစရိတ်များ လျော့နည်း သွားပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုကာ လူနေမှုအဆင့်အတန်း မြင့်မားလာ စေပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင် ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထို့ကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများ ဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် နှစ်အလိုက် ဘတ်ဂျတ်နှင့် ငွေကြေးရရှိနိုင်ရာ များအပါအဝင် စီမံကိန်း၊ စီမံချက်များကို အချိန်နှင့်တပြေးညီ ဖြည့်စွက်ရေးသွင်းနိုင်ရန် လမ်းဖွင့် ပေးထားသည်။ ကျေးရွာ၏ဦးစားပေးလုပ်ငန်းများသည် သင့်တော်သောအရေးယူဆောင်ရွက်မှု လိုအပ် သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာမှု၊ အတွေးအမြင်နှင့် မဟာဗျူဟာအသစ်များ ပေါ်ထွက်လာမှု၊ သဘာဝဘေးအန္တရာယ်၊ ဒေသတွင်းပဋိပက္ခ ကဲ့သို့သော အခြားအကြောင်းအရာများ ဖြစ်ပွါးမှုတို့ပေါ်မူတည်ပြီး ပြောင်းလဲမှုရှိနိုင်သည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှ ိစေရန် အထောက်အကူပြုသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊

- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှု တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျန်းမာရေး*** | | | | | |
| ဆေးခန်း | ၁။ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ထောင်ဖွင့်လှစ်ခြင်း | ၉၅ | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ရန်ပုံငွေနှင့် နည်းပညာရရှိနိုင်ရန်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။ | – |
| သောက်ရေ | ၂။ ရေကန်ပြုပြင်မွမ်းမံခြင်း | ၇၅ | ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ရန်ပုံငွေနှင့် နည်းပညာ ရရှိနိုင်ရန် ကျေးလက်ဦးစီးဌာန၊ အခြားအကူအညီပေးနိုင်သော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီး |
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| တံတား | ၃။ တံတားတည်ဆောက်ခြင်း | ၆၆ | ၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ရန်ပုံငွေနှင့် နည်းပညာရရှိနိုင်ရန် ကျေးလက်ဦးစီးဌာန၊ အခြားအကူအညီပေးနိုင်သော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီး |
| လမ်း | ၄။ ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း | ၆၀ | ၄ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းခင်းနိုင်ရန် ကျေးလက်ဦးစီးဌာန၊ အခြားအကူအညီပေးနိုင်သော အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | ကျေးလက်ဦးစီး |
| လျှပ်စစ်မီး | ၅။ လျှပ်စစ်မီးလင်းရေး | ၅၉ | ၅ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သွယ်တန်းအသုံးပြုနိုင်ရန် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | – |
| ***ဘဏ်စနစ်နှင့် ငွေရေးကြေးရေးလုပ်ငန်းများ*** | | | | | |
| ချေးငွေ | ၆။ ချေးငွေများ ရရှိနိုင်စွမ်း မြှင့်တင်ပေးခြင်း | ၅၄ | ၆ | ငွေချေးလိုသူများ လုပ်ငန်းတိုးချဲ့နိုင်ရန် အခြေခံချေးငွေစီမံခန့်ခွဲမှု၊ ချေးငွေလျှောက်လွှာပြုစုနိုင်ရန် ဆောင်ရွက်ပေးမည်။ | ကျေးလက်ဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ပညာရေး*** | | | | | |
| ကျောင်း | ၇။ ကလေးပျော် ကျောင်းဝန်းကျင် ဖန်တီးခြင်း | ၅၃ | ၇ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ကျောင်းဆောင်ပြုပြင်မွမ်းမံရေး၊ ကျောင်းပရိဘောဂ ဖြည့်တင်းခြင်း၊ ဆရာ/မအင်အား ဖြည့်တင်းခြင်း လုပ်ငန်းများအကောင်အထည်ဖော် နိုင်ရန် ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ | – |
| ***မွေးမြူရေး*** | | | | | |
| သင်တန်း | ၈။ မွေးမြူရေးနည်းပညာရရှိရေး | ၅၁ | ၈ | မွေးကုဦးစီးဌာနက ပေးမည့်သင်တန်းသို့တက်ရောက်မည့် အလားအလာရှိသည့် သင်တန်းသားများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီက ရွေးချယ်ပေးမည်။ | - |
| ***ကျန်းမာရေး*** | | | | | |
| လမ်း၊တံတား | ၉။ အိမ်သာကျင်းသုံးကွန်ကရစ်ခွေ ရရှိအောင်ဆောင်ရွက်ခြင်း | ၄၄ | ၉ | ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် လုပ်ငန်းဖော်ဆောင်ရန် ရန်ပုံငွေနှင့်နည်းပညာအထောက်အပံ့ ရရှိနိုင်ရန်ကျေးလက်၊ ကျန်းမာရေး ဌာနတို့အပြင်အခြားဖွံ့ဖြိုးရေး အေဂျင်စီများနှင့်ပူးပေါင်းဆောင်ရွက်မည်။ | ကျေးလက် ဦးစီး |
| ***စိုက်ပျိုးရေး*** | | | | | |
| သင်တန်း | ၁၀။ စိုက်ပျိုးရေးနည်းပညာရရှိရေး | ၄၃ | ၁၀ | စိုက်ပျိုးရေးဦးစီးဌာနက ပေးမည့်သင်တန်းသို့ တက်ရောက်မည့် အလားအလာရှိသည့် သင်တန်းသားများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကရွေးချယ်ပေးမည်။ | - |
| ***စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ*** | | | | | |
| သင်တန်း | ၁၁။ သက်မွေးဝမ်းကျောင်းနည်းပညာ များရရှိရေး | ၃၄ | ၁၂ | ဝန်ဆောင်မှုပေးသောအဖွဲ့အစည်းက အုပ်စု(သို့)မြို့နယ်တွင်ပေး မည့်သင်တန်းသို့ တက်ရောက်မည့်သူများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ရွေးချယ်ပေးမည်။ | ကျေးလက် ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်း ပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ထောင်ဖွင့်လှစ်ခြင်း | ၁ | —— | —— | | | |
| ၂။ ရေကန်ပြုပြင်မွမ်းမံခြင်း | ၂ | —— | | | | |
| ၃။ တံတားတည်ဆောက်ခြင်း | ၃ | —— | —— | | | |
| ၄။ ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း | ၄ | —— | —— | —— | | |
| ၅။ လျှပ်စစ်မီးလင်းရေး | ၅ | —— | —— | | | |
| ၆။ ချေးငွေများ ရရှိနိုင်စွမ်း မြှင့်တင်ပေးခြင်း | ၆ | —— | —— | | | |
| ၇။ ကလေးပျော်ကျောင်းဝန်းကျင် ဖန်တီးခြင်း | ၇ | | —— | | | |
| ၈။ မွေးမြူရေးနည်းပညာ ရရှိရေး | ၈ | —— | | —— | | —— |
| ၉။ အိမ်သာကျင်းသုံးကွန်ကရစ်ခွေ ရရှိအောင်ဆောင်ရွက်ခြင်း | ၉ | | —— | —— | | |
| ၁၀။ စိုက်ပျိုးရေးနည်းပညာ ရရှိရေး | ၁၀ | —— | | —— | | —— |
| ၁၁။ သက်မွေးဝမ်းကျောင်းသင်တန်းနည်းပညာ ရရှိရေး | ၁၁ | —— | —— | —— | —— | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံးငွေ ရင်းအသုံး စရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ထောင် ဖွင့်လှစ်ခြင်း | | | √ | | |
| ၂ | ရေကန်ပြုပြင်မွမ်းမံခြင်း | | | √ | | |
| ၃ | တံတားတည်ဆောက်ခြင်း | | | √ | | |
| ၄ | ရွာချင်းဆက်လမ်း အဆင့်မြှင့်တင် ခြင်း | | | √ | | |
| ၅ | လျှပ်စစ်မီးလင်းရေး | | | √ | | |
| ၆ | ချေးငွေများရရှိနိုင်စွမ်း မြှင့်တင်ပေး ခြင်း | | | √ | | |
| ၇ | ကလေးပျော်ကျောင်းဝန်းကျင်ဖန် တီးခြင်း | | | √ | | |
| ၈ | မွေးမြူရေးနည်းပညာ ရရှိရေး | | | | √ | |
| ၉ | အိမ်သာကျင်းသုံးကွန်ကရစ်ခွေ ရရှိအောင် ဆောင်ရွက်ခြင်း | | | √ | | |
| ၁၀ | စိုက်ပျိုးရေးနည်းပညာ ရရှိရေး | | | | √ | |
| ၁၁ | သက်မွေးဝမ်းကျောင်းသင်တန်း နည်းပညာရရှိရေး | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင် အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအ သီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက် နိုင် ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည် အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီ များ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအ ဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှု ဆိုင်ရာ အကူအညီများရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲ မှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေး ထားသောအဖွဲ့ ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြု သူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များ ကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက် ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။ နှစ်ပတ် လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင် သက်ဆိုင်သူ များထံ မှအကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

### ၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၃ | ၁ | ၄ | ၀.၅% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၂၀ | ၁၇ | ၃၇ | ၄.၂% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၆ | ၂၈ | ၅၄ | ၆.၁% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၄၇ | ၆၀ | ၁၀၇ | ၁၂.၂% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၃၁၆ | ၃၃၈ | ၆၅၄ | ၇၄.၄% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၈ | ၁၅ | ၂၃ | ၂.၆% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၄၂၀** | **၄၅၉** | **၈၇၉** | **၁၀၀%** | |
| **အိမ်ထောင်စုပေါင်း** | **၁၆၈** | | | | |
| **ပျမ်းမျှမိသားစုဦးရေ** | **၅.၂ ဦး** | | | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်း မှ ရရှိသော သတင်းအချက်အလက်များ (၂၃ - ၂၅၊ ဇူလိုင်လ၊ ၂၀၁၅)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စု ၁၆၈ စုရှိပါသည်။ လူဦးရေ ၈၇၉ ဦးရှိပြီး၊ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ ၅.၂ ဦးခန့်ရှိပါသည်။ စုစုပေါင်းလူဦးရေ၏ သုံးပုံနှစ်ပုံ (၇၄.၄%) သည် အလုပ်လုပ်နိုင်သောဦးရေဖြစ်ပြီး၊ ကျေးရွာ၏စီးပွားရေးကဏ္ဍများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင်များစွာ အကျိုးရှိပါသည်။

### ၁.၂။ အလုပ်လုပ်နိုင်သူအင်အား

ဇယား ( ၂ ) လုပ်သားအင်အား

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြား လုပ်ငန်း | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိက လုပ်ငန်း | % | | |
| ၁ | **စိုက်ပျိုးရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၆၂ | ၃၇% | | လယ်ယာ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော မိသားစုများဖြစ်သည်။ |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၂ | **မွေးမြူရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၃၈ | ၂၂.၆% | | ဘဲသားဖောက်လုပ်ငန်း ၁ ဦး |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း<br>အဓိက လုပ်ငန်း | <br>% | အခြား လုပ်ငန်း | မှတ်ချက် |
|---|---|---|---|---|---|
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၃ | **ငါးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၄ | **ခါတ်သတ္တု နှင့်ကျောက် တူးဖော်ခြင်းလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၅ | **ကုန်ထုတ်လုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၂ | ၁.၂% | | ဆန်စက် ၂ |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၆ | **လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၇ | **ဆောက်လုပ်ရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၃.၇% | | လက်သမား ၁၀ ဦး၊ ပန်းရံ ၅ ဦး |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၈ | **စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်၊)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၆% | | စက်ပြင်ဆရာ |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၉ | **လက်လီလက်ကား အရောင်းအဝယ်** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဂင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြား လုပ်ငန်း | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိက လုပ်ငန်း | % | | |
| ၁၀ | **အခြားဝန်ဆောင်မှုလုပ်ငန်းများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင်များ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၂ | **ပို့ဆောင်ဆက်သွယ်ရေး နှင့် သိုလှောင်ခြင်း၊** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁ | ၀.၆% | | စက်လှေ ၁ |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၃ | **ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၄ | **အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | ၃ | ၁.၈% | | အစိုးရဝန်ထမ်း ၃ ဦး မည်သည့်ဝန်ဆောင်မှုတွင် ပါသည်မသိခဲ့ ပါ ။ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၆ | **ပညာရေးလုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၇ | **ကျန်းမာရေး** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | အခြား လုပ်ငန်း | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိက လုပ်ငန်း | % | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၈ | **လူမှုရေးလုပ်ငန်းများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၁၉ | **အငှားလိုက်ကျပန်းလုပ်သားများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | ၆၁ | ၃၆.၃% | | နေ့စားအလုပ်ကြမ်းကြုံရာအလုပ်လုပ်ဆောင်သောမိသားစု၊ပြင်ပတွင်သွားရောက်လုပ်ကိုင်သူ ၂၁ ဦး ဖြစ်ပါ သည်။ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၂၀ | **ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • လုပ်သား (လခစား၊နေ့စား လုပ်သား) | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| | **စုစုပေါင်း** | ၁၆၈ | ၁၀၀% | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅) (ဆယ်အိမ်မှူး၊ အုပ်ချုပ်ရေးမှူးများမှတဆင့် ကောက်ယူသည်။)

လေ့လာတွေ့ရှိချက်။ ။အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် ၄%ခန့် ပိုပါသည်။ အမျိုးသားအများစုမှာ လုပ်ငန်းခွင်တွင် ကောင်းစွာ လုပ်ကိုင်ဆောင် ရွက်နိုင်သော်လည်း အမျိုးသမီးထုမှာ မိသားစုကိစ္စရပ်များဖြင့်သာအချိန်ကုန်ကြပါသည်။ အမျိုး သမီးငယ်အများစုမှာ လယ်ယာလုပ်ငန်းခွင်တွင် ကောက်စိုက်၊ ပျိုးနှုတ်၊ စပါးရိတ်စသောအလုပ် များကိုလည်း လုပ်ကိုင်ကြပါသည်။

## ၁.၃။ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု(ရ/မရ / အနည်းအကျဉ်း) | ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ ပလပ်မြေ | ၉၈၀ | သင့် | မရှိ | မရှိ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု(ရ/မရ / အနည်းအကျဉ်း) | ရေအရင်းအမြစ်(ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ယာမြေ | | | | |
| **စုစုပေါင်း** | **၉၈၀** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမြေဧကလက်ကျန် (၉၈၀)ရှိပြီး လယ်မြေအများစုသည် ရေကြီးကွင်းများ ဖြစ်ကြသည်။ စပါးစိုက်ပျိုးမှုမှာ ထူးခြားမှုရှိသည်။ ရေမြေအနေအထားအရ ရေကြီးကွင်းဧရိယာများပြားသဖြင့် လယ်ယာမြေများသည် မိုးရာသီ၌ ရေအောက်တွင် ရောက်နေကြပြီး အချိန်မီမစိုက်က်ပျိုးနိုင်ကြချေ။ တောင်သူများအနေဖြင့် စပါးကို မိုးဦးကျတွင် ပျိုးထောင်ထားပြီး ရေနည်းသောကွင်းများတွင် အချိန်မီစိုက်ပျိုးနိုင်ကြသော်လည်း ရေကြီးကွင်းများတွင်မူ ရေထုလျော့ကျသွားသည့် စက်တင်ဘာလအထိ ပျိုးပင်များကို ထောင်ထားရကာ ပျိုးပင်များမှာ အဆစ် ၃ – ၄ ဆစ်မကပင်ရှိလာခဲ့ရသည်။ လယ်ကွင်းများတွင် ရေထုလျော့ကျသွားချိန်ကျမှ ပျိုးထောင်စပါးများကို အဆစ်များပါအောင် ရိတ်ကာစိုက်ပျိုးကြရသည်။ စိုက်သောအပင်များတွင် အဆစ်များ ပါလာသဖြင့်အဆစ်များမှလည်း ဆစ်ပွါးများထွက်ရှိလာကြသည်။ စပါးရိတ်သိမ်းသောကာလမှာ အနည်းငယ်နောက်ကျပြီး အထွက်မှာလည်း တစ်ဧက ၁၀ တင်းမှ ၃၅ တင်းအတွင်းသာ ထွက်ရှိကြသည်။

## ၁.၄။ ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် | မရှိ | သဲလက်လှမ်းမှီ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | ဖျိုင်းငှက်ကို အများအပြား တွေ့ရသည်။ | |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နွားစားနှင့် ဆေးဘက် ဝင်အပင်များအသင့်အတင့်ရရှိ | အနည်းအငယ်လွယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ဓါတ်သတ္တုများမထွက်ရှိပါ။ ကျေးရွာတွင် စပါးနှင့် ပဲဒီစိမ်း၊ မြေပဲစသော သီးနှံများစိုက်ပျိုးရာမှ နွားစာအဖြစ်အသုံးပြုနိုင်သော စိုက်ပျိုးရေးဘေးထွက် ပစ္စည်းများ အတော်အသင့် ရရှိနိုင်ပါသည်။ စားကျက်သီးသန့်မရှိသော်လည်း ကျွဲနွားများအတွက် ရေမြုပ်ကွင်းပြင်များမှ

နွားစာရိက္ခာများ လွယ်ကူစွာ ရနိုင်ပါသည်။

**၁.၅။ ဥစ္စာဓနအဆင့်အနေအထား**

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| လယ်ယာမြေ ပိုင်ဆိုင်မှု | (၄၀)ဧက မှ (၆၀)ဧကအထိ | (၂၀ မှ ၄၀) ဧကကြား | (၂၀)ဧက အောက် | မြေယာမဲ့ |
| အိမ်ပုံစံ | • တိုက်အိမ်<br>• ပျဉ်ခင်း<br>• သွပ်မိုး<br>• (၁)ထပ်၊(၂)ထပ် | • သွပ်မိုး<br>• ထရံကာ<br>• ပျဉ်ခင်း | • သက်ကယ်(သို့) သွပ်မိုး<br>• ထရံကာ၊<br>• ပျဉ်ခင်း | • သက်ကယ်<br>• ထရံကာ<br>• ဝါးကြမ်းခင်း |
| ကျွဲ၊နွားလယ်ယာသုံးကိရိယာပိုင်ဆိုင်မှု | • ထွန်စက်<br>• လက်တွန်း ထွန်စက်<br>• ရေစုပ်စက်<br>• ခိုင်းနွား | • လက်တွန်းထွန်စက်<br>• ရေစုပ်စက်<br>• နွားလှည်း | • ခိုင်းနွား၊ နွားမွေး | မရှိ |
| အလုပ်အကိုင် | • ဆန်စက်၊<br>• ငါးကန်၊<br>• ဘဲစီးပွါးဖြစ်မွေး | •ဘဲသားဖောက် လုပ်ငန်း၊ ငါး ကန်၊ ဈေးရောင်း | • ကျပန်း<br>• ဈေးရောင်း<br>• တနိုင်မွေးမြူရေး | • ကျပန်း<br>• တနိုင်မွေးမြူရေး |
| အခြား | • စက်လှေ၊ ဖုန်း၊ ထွေလာဂျီ၊<br>• ရွှေထည်ပစ္စည်း၊<br>• ဆိုင်ကယ် | • ဆိုင်ကယ်<br>• အပ်ချုပ်စက်<br>• လှေ၊ ရွှေထည်၊ စလောင်း | • ဆိုင်ကယ်၊<br>• ဖုန်း၊ ဆိုလာပြား | • မရှိ |
| အိမ်ထောင်စု ပေါင်း ၁၆၈ | ၄ (၂.၄%) | ၃၄ (၂၀.၂%) | ၈၆ (၅၁.၂%) | ၄၄ (၂၆.၂%) |

ရည်ညွှန်း .. ကျေးရွာဥစ္စာဓနအဆင့်ခွဲခြားခြင်း လေ့ကျင့်ခန်းမှကောက်ယူသည်။ (၂၃-၂၅၊ ဇူလိုင်လ၊ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ဥစ္စာဓနအဆင့်သတ်မှတ်မှုနည်းလမ်းအရ ကျွန်ုပ်တို့ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စု(၁၆၈)စု၏ ၇၇% အထက်သည် ဆင်းရဲသည်ဟု ခံယူကြပြီး ၃၃% ခန့်မှာ ချမ်းသာသည်ဟု ဆုံးဖြတ်ကြပါသည်။ အဆိုပါ ဆင်းရဲသည်ဟု သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ ငါးဧကအောက်ပိုင်ဆိုင်သောသူများ၊ ကျပန်းအလုပ်သမားများ (သို့) တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြ သူများဖြစ်ပါသည်။ ချမ်းသာသော မိသားစုများသည် စိုက်ပျိုး မြေ(၄၀)ဧကအထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းကိရိယာ ပိုင်ဆိုင်သောသူများ ဖြစ်ကြ သည်။

### ၁.၆။ ဝမ်းစာဖူလုံမှု

ဇယား (၆) ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၅ လအထိ | ၁၀ | ၂၂% | လုပ်အားအကြိုငွေယူ၍ဖြေရှင်းသည်။ |
| ၆လမှ၁၂လအထိ | ၂၁ | ၄၇% | မွေးမြူရေးတိရစ္ဆာန်များရောင်းချခြင်း၊ အခြားအလုပ်များမှရသောဝင်ငွေဖြင့် ဖြေရှင်း သည်။ |

ရည်ညွှန်း .. ကျေးရွာစားနပ်ရိက္ခာဖူလုံမှု စစ်တမ်းမှတဆင့် ကောက်ယူသည် ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ခုနှစ်)

လေ့လာတွေ့ရှိချက်။ ။ စားနပ်ရိက္ခာဖူလုံမှုနှင့် အကြွေးတင်ရှိမှုအတွက် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများထဲမှ(၃၀%)အား ကောက်ယူခဲ့ပါသည်။ ဆင်းရဲအိမ်ထောင်စု(၃၁)စုနှင့် အလွန် ဆင်းရဲ အိမ်ထောင်စု(၁၄)စု၊ ပေါင်း(၄၅)စုကို ပီအာအေနောက်ဆုံးနေ့တွင် ကွင်းဆင်းဝန်ထမ်း များက အိမ်တိုင်ယာရောက် သွားရောက်ပြီး တွေ့ဆုံဆန်းစစ်မှု ပြုလုပ် ခဲ့ပါသည်။ ဆန်းစစ်မှုအရ ဝမ်းစာဖူလုံမှု ဆန်းစစ်ချက်တွင် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၁% သူတစ်ပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု ပေါင်း၏ (၁၃%)သည် ဝမ်းစာရိက္ခာကို သိုလှောင်ထားခြင်းမရှိကြပါ။ ၁၁%အထက်စီသည် တစ်ရက် စာနှင့်(၂ – ၇)ရက်စာ၊ ၅၆%ဝန်းကျင်သည် (၈ – ၃၀) ရက်စာထိနှင့် ၉%သည် ဝမ်းစာတစ်လစာ ထက်ပို၍ သိုလှောင်ထားနိုင်ကြသည်။ ဆန်ဈေးကြီးမြင့်မှုကြောင့် အိမ်ထောင်စုပေါင်း၏ ၄%မှာ တစ်နပ်(သို့)တစ်ရက်စာ လျှော့စားခဲ့မှုရှိခဲ့ကြောင်းဖြေဆိုခဲ့ကြသည်။

အကြွေးတင်ရှိမှုတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ (၆၉%)မှာ အကြွေးပမာဏ ကျပ်ငွေနှစ်သောင်းမှ နှစ်သိန်းအထိ အကြွေးတင်ရှိကြသည်။ ယင်းတို့အနက် ဆင်းရဲနှင့် အလွန်ဆင်း ရဲအိမ်ထောင်စု၏ (၆၉%)မှာ ကျပ်ငွေ ငါးသိန်းအထိငွေချေးထားသူများဖြစ်ပြီး(၃၁%)ဝန်းကျင်မှာ အကြွေးငွေ ငါးသိန်းမှ နှစ်သန်းအကြား အကြွေးငွေချေးယူထားကြသည်။

### ၁.၇။ ထိခိုက်လွယ်မှု

#### ၁.၇.၁။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | | ၇ | ၇ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | ၃ | ၃ | ၆ |
| | | **အိမ်ထောင်စုအရေအတွက်** | | |
| အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၇ | |

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| မုဆိုးမ | ဆင်းရဲ၍မိသားစုဦးရေများ | | ၂ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | | ၃၂ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်လွယ်သော မိသားစုများသည် အမျိုးသမီးဦးဆောင်သောဆင်းရဲသည့်အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမားများဖြစ်ကြသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစု များ ဖြစ်ကြသည်။ ကျေးရွာတွင် မိသားစုမှ စောင့်ရှောက်ကူညီမှုမရှိသော ထိခိုက်သက်ရောက်လွယ်သည့် သက်ကြီး ရွယ်အို (၂၇)ဦးရှိပါသည်။

### ၁.၇.၂။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| **စီးပွားရေး** | | | |
| ၁ | စားနပ်ရိက္ခာ မဖူလုံခြင်း | အသင့်အတင့် | ရေကြီးကွင်းများဖြစ်၍ ရေဖုံးလွှမ်းနေတတ်ပြီး စိုက်ပျိုးချိန်နောက်ကျကာ သီးနှံအထွက် လျော့ကျတတ်ပါသည်။ မိုးသည်းထန်စွာရွာသွန်းသော နှစ်များတွင် ပိုမိုလျော့နည်းတတ်ပြီး ရိက္ခာဖူလုံမှုကို ပိုမိုထိခိုက်စေနိုင်သည်။ |
| ၂ | အရင်းအမြစ်ရှားပါးခြင်း (မြေ၊ ရေ) | အသင့်အတင့် | မိုးရာသီတွင် လယ်ယာမြေများ ရေးဖုံးလွှမ်းနေတတ်ပြီး ရာသီမှန်စိုက်ပျိုးရန် အခက်အခဲ ရှိပါသည်။ |
| **ကျန်းမာရေး** | | | |
| ၃ | ငှက်ဖျား၊ | အနည်းငယ်သာရှိ | ငှက်ဖျားရောဂါဖြစ်ပွါးမှုနည်းပါးပါသည်။ |
| ၄ | သွေးလွန်တုတ်ကွေး | အသင့်အတင့် | ရွာဧရိယာသည် ရေဝပ်ဧရိယာများရှိသဖြင့် ခြင်ပေါက်ဖွါးမှုများပြီးသွေးလွန်တုတ်ကွေးရောဂါဖြစ်ပွါးမှုအသင့်အတင့်ရှိပါသည်။ |
| ၅ | တီဘီရောဂါ | အနည်းငယ်သာရှိ | တီဘီရောဂါအကြောင်း ကျန်းမာရေးဗဟုသုတ ရှိသောကြောင့်ကြိုတင်ကာကွယ်နိုင်ပြီးကူးစက်ခံရလျှင်လည်း ထိရောက်စွာ ဆေးကုသမှုခံယူနိုင်ခြင်း၊ ဆေးကုသရာဌာနတို့သို့ အလှမ်း မှီခြင်း၊ |
| ၆ | ခုခံအားကျဆင်းမှုရောဂါ | အနည်းငယ်သာရှိ | ခုခံအားကျဆင်းမှုရောဂါအန္တရာယ်ဇုန်အတွင်း အလုပ်လုပ်ခြင်းမဟုတ်သောကြောင့် ကူးစက်မှုခံရနိုင်ခြေနည်းပြီးကာကွယ်သော နည်းလမ်းများအကြောင်း |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | အသင့်အတင့် သိခြင်း၊ |
| **လူမှုရေး** | | | |
| ၇ | လူကုန်ကူးခြင်း | အသင့်အတင့် | အခြားနိုင်ငံသို့သွားရောက် အလုပ်လုပ်သူရှိသဖြင့် လူကုန်ကူးခံရနိုင်ခြေ အသင့် အတင့် ရှိပါသည်။ |
| **ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်** | | | |
| ၈ | ရေကြီးခြင်း | မြင့်မား | မြေနိမ့်ပိုင်းတွင် တည်ရှိသော ကျေးရွာဖြစ် သဖြင့် ရာသီအလိုက်မြစ်ရေကြီးခြင်းကို ရင်ဆိုင် ရတတ်ပြီး စိုက်ပျိုးရေးအထွက်နှုန်း ကို ထိခိုက်စေနိုင်သည်။ |
| ၉ | မိုးခေါင်ခြင်း | အသင့်အတင့် | ယခုနှစ်တွင် မိုးရွာသွန်းမှုမမှန်ခြင်းနှင့် ရင်ဆိုင် ရပါသည်။ |
| ၁၀ | လေပြင်းမုန်တိုင်း | ဖြစ်နိုင်ခြေနည်း | မိုးသက်လေပြင်း ရံဖန်ရံခါကျရောက်တတ်မှုသာရှိ ပါသည်။ |
| ၁၁ | ငလျင် | ဖြစ်နိုင်ခြေနည်း | ကြီးမားသောထိခိုက်ပျက်စီးမှု မရှိသေးပါ။ |
| ၁၂ | မီးဘေး | ဖြစ်နိုင်ခြေနည်း | နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။ |
| ၁၃ | မြေတိုက်စားခြင်း၊ မြေဆီလွှာ ဆုတ်ယုတ်ခြင်း | အသင့်အတင့် | မြေတိုက်စားခြင်းနည်းပါးပြီး မြေဆီမြေဩဇာမှာ မူလ ကပင်သာမန်မျှရှိကာ အထွက်နှုန်း မကောင်းကြပါ။ |
| ၁၄ | ဝေးလံခေါင်ဖျား ခြင်း | အသင့်အသင့် | မိုးရာသီတွင်ရေလမ်းဖြင့်သာသွားလာနိုင်ပြီးမိုးလွန် သွားသောအခါမှသာကုန်းလမ်းမှသွားလာနိုင်ကြသည်၊ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာလူထုအနေဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးကြောင့်ဖြစ်နိုင်သော အန္တရာယ်အမျိုးအစားများ အလိုက် အန္တရာယ်ဖြစ်စေနိုင်မှုအခြေအနေကို အောက်ပါဇယား(၈)တွင် ဖော်ပြထားပါသည်။ ဆင်းရဲသော မိသားစုအများစုသည် မြေယာ၊ ရေအရင်းအမြစ်နှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ် ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လာလျှင် ရပ်တည်ရန် စွမ်း ဆောင်နိုင်စွမ်းအားနည်းသဖြင့် ပိုမိုထိခိုက်လွယ် သူများဖြစ်ကြသည်။ ကျေးရွာပတ်ဝန်းကျင်သည် မိုးရာသီတွင် ပုံမှန်အားဖြင့် ရေကြီးကွင်းများဖြင့် ရေများဖုံးလွှမ်းနေတတ်ပြီး ရေထုပမာဏ လျော့ ကျသွားမှ စိုက်ပျိုးနိုင်ကြသည်။

## ၁.၇.၃။။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ်များ | အသင့်အတင့် | ကူးစက်ရောဂါ ကူးစက်ခံရရန်အခွင့်အလမ်းရှိခြင်း၊ တချို့လူငယ်များ အခြား ဒေသသို့ သွားရောက်၍ အလုပ်လုပ်ရသောကြောင့် အရက် နှင့် မူးယစ်ဆေးဝါး သုံးစွဲရန် အခွင့်အလမ်းရှိ ခြင်း၊ |
| ၂ | အမျိုးသမီး ဦးဆောင်သောဆင်းရဲသား အိမ်ထောင်စုများ | အသင့်အတင့် | အလုပ်အကိုင်ပုံမှန်မလုပ်ရသောအချိန်တွင်စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ကြုံတွေ့ ရနိုင်သည်။ |
| ၃ | မြေယာမဲ့နှင့်ကျပန်းအလုပ် သမားများ | အသင့်အတင့် | တိရစ္ဆာန် ကူးစက်မြန်ရောဂါများ ကျ ရောက်ခြင်း၊ ဈေးနှုန်းမတည်ငြိမ်ခြင်းတို့ ကြုံတွေ့လာသော် စားနပ်ရိက္ခာမလုံ လောက်မှုနှင့် ရင်ဆိုင်ရနိုင်သည်။ စိုက်ပျိုးရာသီနှင့် သီးနှံရိတ်သိမ်းရာသီတို့တွင် သာ အလုပ်ပုံမှန်ရှိနိုင်ကြပြီး ကျန်အချိန်များတွင်အခက်အခဲရင်ဆိုင်ရတတ်သည်။ |
| ၄ | လယ်သမားများ | အသင့်အတင့် | မိုးရွာသွန်းမှုမမျှတမှုကြောင့် အထွက်နှုန်းထိခိုက်ခြင်း၊ သီးနှံဈေးနှုန်း မတည်ငြိမ် ခြင်းတို့ ကြုံတွေ့လာသော် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရင် ဆိုင်ရနိုင်သည်။ |
| ၅ | ဈေးလှည့်ရောင်းသူများ | နိမ့် | ပုံမှန်အလုပ်မလုပ်ရသောအချိန်တွင် စားနပ် ရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့ရနိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ လူငယ်၊ မြေယာမဲ့၊ တောင်သူများ၊ ကျပန်းလုပ်သားမိသားစု သည် ထိခိုက်လွယ်ဖြစ်နိုင်ခြေ အများ ဆုံးဖြစ်ပါသည်။

## ၂။ ကျေးလက်မိသားစုများ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက် အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ | စွမ်းဆောင်နိုင်မှု(၆/၇/၈) |
|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၉ | ၃ | ၁၂ | ဘာသာရေးကဏ္ဍ | ကျေးရွာသားများ | ၆ |
| ၂ | လူမှုရေး အသင်း | ၃၀ | ၃၀ | ၆၀ | လူမှုရေးကိစ္စရပ်များ | ကျေးရွာသားများ | ၇ |
| ၃ | မိဘဆရာအသင်း | ၆ | ၄ | ၁၀ | ကျေးရွာပညာရေး | ပြင်ပ + ရွာသား | ၇ |
| ၄ | အမျိုးသမီးရေးရာ | – | ၅ | ၅ | အမျိုးသမီးရေးရာ | ပြင်ပမှဖွဲ့စည်းပေး | ၇ |
| ၅ | ရပ်မိရပ်ဖအဖွဲ့ | ၅ | – | ၅ | ရပ်ရေးရွာရေးနာယက | ကျေးရွာသားများ | ၇ |
| ၆ | ကျေးရွာသမအသင်း | ၆၇ | ၂၃ | ၉၀ | ချေးငွေလည်ပတ်ရေး | ပြင်ပမှဖွဲ့စည်းပေး | ၇ |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းများရှိပါသည်။

### ၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အိမ်ထောင်စုဝင်ငွေတိုးတက်ရေး လုပ်ငန်းများအတွက် ယခုနှစ်ပိုင်းများတွင် ပြည်တွင်း၊ ပြည်ပမှ လာရောက်အကူအညီပေးသော အဖွဲ့အစည်းများ မရှိသေးပါ။

### ၂.၂.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၆ | ၆၃.၁% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | ၁ | ၀.၆% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ(၂ဟတ်တာထိ) | ၅ | ၃.၀% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၃၃ | ၁၉.၆% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၂၃ | ၁၃.၇% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၆၈** | **၁၀၀%** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် မြေယာမဲ့များဖြစ်သည် ဟုဖော်ပြထားပြီး ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် ယေဘုယျအားဖြင့် ဆင်းရဲသည်ဟု ဖော်ပြထားပါ သည်။ မြေယာပိုင်ဆိုင်သူများ၏ (၁၀%) ခန့်သည် မြေယာ(၅)ဧက အောက် ပိုင်ဆိုင်သူများ ဖြစ်ကြပြီး ဆင်းရဲသားလယ်သမားများဖြစ်ကြသည်။ ကျန်တောင်သူများမှာ (၅)ဧကအထက် ပိုင်ဆိုင်ကြသည်။ ဤကျေးရွာတွင် မြေယာပိုင်ဆိုင်မှု ပမာဏမှာ အသင့်အတင့် များပြားကြသော်လည်း လယ်မြေများကို မိုးတွင်းကာလ ရေဖုံးလွှမ်းနေမှုကြောင့် အထွက်နှုန်းမှာ ညံ့သည့်အဆင့်တွင်ရှိပါသည်။ ကျွန်တော်တို့ ကျေးရွာတွင် တောင်သူ အိမ်ထောင်စု(၆၂)စုမှာလည်း စိုက်ပျိုး ရေးလုပ်ငန်းမှ အကျိုးအမြတ်နည်းပါးကြသည်။ ကျေးရွာရှိအိမ်ထေင်စု (၁၆၈)စုရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ရပ်တည်သောအိမ်ထောင်စုမှာ (၁၀၂)စုရှိကာ ယင်းမိသားစုများ၏ ဝင်ငွေတိုးတက်မှု မြင့်မားလာနိုင်ရေးကိုလည်း ရှာဖွေ ဖော်ထုတ်ရမည် ဖြစ်သည်။

## ၂.၂.၂။ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် (ကင်းတားဆည်) | မရှိ | မရှိ | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေရနိုင်သော နေရာများနှင့်လက်လှမ်းမှီမှုမရှိပါ။

## ၂.၂.၃။ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| စပါး | ၈၉၀ | တင်း | ၁၀ | ၃၅ | ၂၂.၅ | ဝါခေါင် ၊ နတ်တော် | လတ် | လတ် | ရေနက်ကွင်း၊ရေကျချိန်မှ စိုက်နိုင်ခြင်း |
| ပဲတီစိမ်း | ၃၃၀ | တင်း | ၃ | ၁၀ | ၆.၅ | နတ်တော် ၊တပေါင်း | လတ် | လတ် | နှစ်သီးထပ် |
| မြေပဲ | ၃၀ | တင်း | ၂၀ | ၆၀ | ၄၀ | နတ်တော် ၊ တပေါင်း | လတ် | လတ် | နှစ်သီးထပ် |
| ထောပတ်ပဲ | ၃၀ | တင်း | ၅ | ၁၅ | ၁၀ | နတ်တော် ၊တပေါင်း | လတ် | လတ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်ယာမြေ(၈၉၀)ဧကရှိပြီး တောင်သူ(၆၂)ဦးရှိ၍ တစ်ဦးလျှင်ပျမ်းမျှ လယ်ဧက(၁၄) ဧကနှုန်းပိုင်ဆိုင်ကြပါသည်။ အဓိကသီးနှံမှာ စပါးနှင့် ပဲဒီစိမ်း၊ မြေပဲ၊ ထောပတ်ပဲတို့ကို စိုက်ပျိုးကြပါသည်။ စပါးမှာ ရွှေဝါထွန်း၊ မနောသုခတို့ကို မိုးစပါးအဖြစ်စိုက်ပျိုးကြပြီးစပါးအထွက်မှာ တစ်ဧကလျှင်နှစ်စဉ် ပျမ်းမျှတင်း(၂၅) ဝန်းကျင်သာထွက်ရှိပါသည်။ ရေကြီးကွင်းများတွင် ရေထုပမာဏလျော့ကျသွားရန် စောင့်ဆိုင်းပြီးမှ နောက်ကျစိုက်ပျိုးရခြင်း၊ ရေထုရှိနေခြင်းကြောင့် မြေဩဇာသုံးစွဲရန် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် အထွက်လျော့ကျရခြင်းဖြစ်နိုင်ပါသည်။

မိုးစပါးအပြီး ကျန်ရှိသောမြေအစိုဓါတ်ကို အသုံးပြု၍ ပဲဒီစိမ်း၊ မြေပဲနှင့် ထောပတ်ပဲတို့ကို စိုက်ပျိုးကြပါသည်။ ပဲဒီစိမ်းမှာ ပုံမှန်အားဖြင့်တစ်ဧကလျှင် ပျမ်းမျှ (၇)တင်းခန့်၊ မြေပဲပျမ်းမျှအထွက်နှုန်းမှာ တင်း (၄၀)၊ ထောပတ်ပဲပျမ်းမျှ (၁၀) တင်း ဝန်းကျင်ထွက်ရှိကြပါသည်။

## ၂.၂.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက်<br>ရိတ်သိမ်းစက် | ၅ | မရှိ<br>မရှိ | ပိုင်ရှင်များ အားချိန်တွင် ငှားရမ်းသုံးစွဲနိုင်သည်။ |
| လက်တွန်းထွန်စက်<br>ခြွေလှေ့စက် | ၈ | မရှိ<br>မရှိ | အများစုသည် ကိုယ့်လယ်တွင်သာ ထွန်ယက်သည် |

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ရေစုပ်စက် | ၆ | မရှိ | ငါးကန်များအတွက် ရေစုပ်စက်ကိုအများစု အသုံးပြုကြပြီး၊တခါတရံမှသာသီးနှံစိုက်ပျိုးခြင်းအတွက် အသုံးပြု ကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။လက်တွန်းထွန်စက်ကို လက်ဝယ်ပိုင်ဆိုင်သည့် တောင်သူများသာ အသုံးပြုကြပြီး လယ်ထွန်စက်များကိုမူ အခြားတောင်သူများငှါးရမ်း အသုံးပြုနိုင်ကြပါသည်။ ခြွေလှေ့စက်ကို ပြင်ပပုဂ္ဂလိကမှ လာရောက်ငှါးရမ်းပေးပြီး ငှါးရမ်းခအဖြစ် ရိတ်ပြီးသားကောက်ပင်ကို ခြွေလှေ့ရာတွင် စပါးတစ်တောင်း ထွက်ရှိလျှင် (၂၅၀)ကျပ်နှုန်းဖြင့် ပေးသွင်းငှါးရမ်း နိုင်ပါသည်။ ရေစုပ်စက်ဌားရမ်းလျှင် (၄)လက်မ ရေထွက်ပိုက်အတွက် တစ်နာရီလျှင် (၃၀၀၀)ကျပ် ပေးရပါသည်။ ရေစုပ်စက်ကို ရေသွင်းစိုက်ပျိုးရန်ထက် ငါးရိုင်းမွေးကန်များတွင် ရေစုပ်ထုတ်ရန်အသုံးပြုမှုများပြားပါသည်။

## ၂.၂.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| စိုက်ပျိုးမြေ | ရှိ | စိုက်ပျိုးမြေဧရိယာအသင့်အတင့်များပြားပြီး ရေနုတ်မြောင်းကြီးတူးပေးကာရေဖုံးလွှမ်း ဧရိယာမှ ရေလျော့ကျမှုမြန်ဆန်အောင်ဆောင်ရွက်နိုင်ပါက စိုက်ဧရိယာ ပိုမိုရရှိကာ သီးနှံအထွက် ပိုမိုရရှိနိုင်ပါသည်။ |
| အကြွေးစနစ် | ရှိ | ကျေးရွာတွင် ထွန်စက်ငှါးရမ်းခကို သီးနှံပေါ်မှ ပေးနိုင်သောအကြွေးစနစ်ရှိပါသည်။ |
| လယ်ယာသုံး အပိုပစ္စည်းသွင်းအားစု | ရှိ | သနပ်ပင်နှင့် ပဲခူးတို့တွင် အလွယ်တကူ ဝယ်ယူနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | စိုက်ပျိုးရေးဆေးကုမ္ပဏီမှရရှိနိုင်သော်လည်း တချို့တဝက်သာရရှိနိုင်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း ဝန်ဆောင်မှုတိုးမြှင့်ပေးသင့်ပါသည်။ |
| စိုက်ပျိုးရေး ထုတ်ကုန်နှင့်ကုန်စည်ရောင်းဝယ်မှု | ရှိ | ပွဲစားထံ အလွယ်တကူရောင်းချနိုင်သလို သနပ်ပင်နှင့် ပဲခူးတို့ သို့လည်း သွားရောက်ရောင်းချနိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၈-၂၀၊ ဇူလိုင်လ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။လက်ရှိအနေဖြင့် စပါးနှင့်ပဲဒီစိမ်းကိုသာ ဝင်ငွေရရှိရေးအတွက် အဓိကထားစိုက်ပျိုးကြပြီး မြေပဲနှင့် ထောပတ်ပဲတို့ကို စမ်းသပ်စိုက်ပျိုးကြသည့်အဆင့်တွင်သာ ရှိသေးပြီး သီးနှံအထွက်နှင့်အကျိုးအမြတ်ရှိမှုပေါ်မူတည်ပြီး စိုက်ဧက အပြောင်းအလဲ ရှိလာနိုင်ပါသည်။ မြေပဲနှင့် ထောပတ်ပဲ စိုက်ပျိုးမှုတို့မှာ အကျိုးအမြတ်အသင့်အတင့် ရှိသော အနေအထားတွင် ရှိနေပါသည်။

## ၂.၂.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| စိုက်ပျိုးမြေ | ရှိ | ထပ်မံတိုးချဲ့နိုင်သည့် အနေအထားမရှိခြင်း၊ ပုံမှန်စိုက်ပျိုးရမည့်အချိန်တွင် ရေကြီးနစ်မြုပ်နေခြင်းကြောင့် စိုက်ပျိုးချိန်နောက်ကျခြင်း၊စိုက်နည်းစနစ်အဟန့်အတားရှိခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများအတွက် အရင်းအနှီးများလိုအပ်ခြင်း၊ |
| ဈေးငွေရရှိနိုင်မှု | ရှိ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတောင်သူတချို့ချေးငွေရရှိနိုင်ကြသော်လည်း တချို့မှာ လိုအပ်သောအထောက်အထားပုံစံ(၇)မရှိ၍ ချေးငွေမရရှိနိုင်ကြပါ။ |
| တတ်နိုင်သောအရင်းအနှီး ပမာဏ | ရှိ | လိုအပ်သောသွင်းအားစုများကို လိုအပ်သလောက် အချိန်မီမြှုပ်နှံရန် လယ်သမားများတွင် အရင်းအနှီးမရှိ၊ သီးနှံကိုဈေးတက်တတ်ချိန်ထိ စောင့်ဆိုင်းသိုလှောင်မထားနိုင်ခြင်း၊ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | အလုပ်သမားများ လယ်ယာလုပ်ငန်းထက် ဝင်ငွေပုံမှန်ရနိုင်သောအလုပ်များရှိရာနေရာများသို့ သွားရောက်လုပ်ကိုင် ကြခြင်း၊ |
| မိုးရေချိန်မလုံလောက်မှု | ရှိ | တစ်ချို့နှစ်များတွင်မိုးခေါင်ပါသည်။ |
| နည်းပညာရရှိနိုင်မှု | ရှိ | သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းတချို့၊ စိုက်ပျိုးရေးဆေးကုမ္ပဏီတချို့မှ ဝန်ထမ်းတချို့ရောက်ရှိသော်လည်း လုံလောက်သော ဝန်ဆောင်မှု မရခြင်း၊ |
| ဈေးနှုန်းမတည်ငြိမ်မှု၊ဖောင်းပွမှုကြောင့်ဈေးကွက် မငြိမ်သက်မှု | ရှိ | သီးနှံဈေးကွက်အတက်အကျဖြစ်ခြင်း၊ |
| အစိုးရမူဝါဒနှင့် ပံ့ပိုးပေးမှု | ရှိ | ထုတ်လုပ်သူများအား အကာအကွယ်ပေးသောမူဝါဒအစိုးရတွင်မရှိသေးခြင်း၊ လယ်ယာမြေဆုံးရှုံးမှုအတွက်အကာအကွယ်မပေးနိုင်ခြင်း၊ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းပုံမှန်ရရှိစေရန်အတွက် စိုက်ပျိုးရေးသုတေသနဌာနနှင့် တိုးချဲ့ပညာပေး ရေးဌာနတို့မှ အကူအညီ ပေးနိုင်ပါသည်။

စိုက်ပျိုးရေးဌာနအနေဖြင့် သဘာဝမြေဩဇာပြုလုပ်နည်းကို နမူနာပြုလုပ်ခဲ့သော်လည်း လယ်သမား များအနေဖြင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲလေ့မရှိကြပါ။ ကုမ္ပဏီများမှ စီးပွားဖြစ်ရောင်းချသောအဆင် သင့်သုံးစွဲနိုင်သည့် ဓာတုမြေဩဇာများကိုသာ သုံးစွဲမှုရှိနေကြပါသည်။ တောင်သူ အများစုသည် အလုပ်သမားရှားပါးခြင်းကြောင့် စပါးများကို ကြဲပက်စိုက်ပျိုးကြပြီး ပေါင်းသတ်ဆေးကို စနစ်တကျသုံးစွဲမှု အားနည်း ပါ သည်။

## ၂.၃။ မွေးမြူရေးလုပ်ငန်း

### ၂.၃.၁။ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၄၂ | |
| မြင်း | ၄ | ပို့ဆောင်ဆက်သွယ်ရေးအတွက် အသုံးပြုကြပါသည်။ |
| ကျွဲ | ၃၉ | |
| ဆိတ် | | |
| ဝက် | ၈၆ | |
| ကြက် | ၈၀ | |
| ဘဲ | ၄၅ | |
| ငါးကန် | ၁၈ | ငါးကန်များတည်ဆောက်၍ လုပ်ကိုင်ခြင်း၊ သဘာဝ မြစ်ချောင်းများတွင် ဖမ်းယူရောင်းချခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။၂၀၁၅ ဇူလိုင်လစစ်တမ်းအရ နွားမွေးအိမ်ထောင်စု(၄၂)စု၊ ကျွဲမွေးအိမ်ထောင်စု(၃၉)စု၊ ဝက်မွေးအိမ်ထောင်စု(၈၆)စု၊ ဒေသကြက်မွေးအိမ်ထောင်စု (၈၀)စုနှင့် ဘဲမွေးအိမ်ထောင်စု(၄၅)စုရှိကြသည်။ ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ ရွာရှိအိမ်ထောင်စု အားလုံး၏ ထက်ဝက် (၅၀%)ကျော်ရှိသဖြင့် ဝက်မွေးမြူမှု များပြားကြောင်းတွေ့ရှိရပါသည်။

### ၂.၃.၂။ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်းများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ရေရရှိမှု | မွေးမြူရေးအတွက် ရေချိုအသင့်အတင့်ရရှိနိုင်သည်။ |
| တိရစ္ဆာန်အစားအစာ | စားကျက် မြေသီးသန့် မရှိသော်လည်း ရေမြုပ်ကွင်းများမှ မြက်နှင့် ကောက်ရိုးများ ရရှိနိုင်သည်။ |
| မွေးမြူရေးတိရစ္ဆာန် | ဒေသတတပိုက်တွင် ကြက်၊ ဝက်မျိုးများ ရနိုင်ပါသည်။ ဘဲမွေးမြူမှုလည်းအသင့်အတင့်များပြားကာ ကျေးရွာတွင်း နှင့် သနပ်ပင်တွင် ဘဲသားဖောက် လုပ်ငန်းများမှ ဘဲသားပေါက်များရရှိနိုင်သည်။ |
| သွင်းအားစုဈေးကွက် | တိရစ္ဆာန်အတွက် လိုအပ်သောဆေး/အစာများကိုသနပ်ပင်နှင့် ပဲခူးတို့တွင် ရရှိနိုင်ပါသည်။ |
| ဝန်ဆောင်မှုဆိုင်ရာ ဈေးကွက် | သနပ်ပင်မွေး/ကုဦးစီးဌာန၊ မွေးမြူရေးအစာနှင့် ဆေးဆိုင်များ၊ |
| ထုတ်ကုန်ဈေးကွက် | ပွဲစားထံအလွယ်တကူရောင်းချနိုင်ခြင်း (သို့) သနပ်ပင်နှင့် ပဲခူးမြို့ |

| အခွင့်အလမ်းများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| | များ သို့သွားရောက် ရောင်းချနိုင်ခြင်း၊ |
| အိမ်ခြံဝင်းကျယ်ဝန်းမှု | မွေးမြူရေးလုပ်ရန်အတွက် အိမ်ခြံဝင်းမြေနေရာ အသင့်အတင့် ရှိကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ဒေသတွင်းဖြစ်ထွန်းမှုနှင့် ဝယ်လိုအားရှိမှုတို့က ဝက်မွေးမြူမှုမှ ဝင်ငွေရရှိရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ဝက်မွေးမြူရေးအတွက် အစာရရှိနိုင်မှုကလည်း အားသာချက် တစ်ခုဖြစ်ပါသည်။ ဈေးကွက်ဝယ်လိုအားလည်း အတော် အသင့်မြင့်မားကာ ဝင်ငွေရရှိနိုင်သောလုပ်ငန်းဖြစ်သည်။ ဝက်ကူးစက်ရောဂါအချို့ ကျရောက်လာတတ်ခြင်းသည် မွေးမြူသူများအတွက် အခက်အခဲဖြစ်စေတတ်သော်လည်း ကာကွယ်ဆေးများကို အခါအားလျော်စွာ စုပေါင်းထိုးနှံခြင်းအားဖြင့် ဝက်ရောဂါကျရောက်မှု လျော့နည်းအောင် လုပ်ဆောင်နိုင်ပါသည်။ ဝက်အူချောင်းထုတ်လုပ်ခြင်း၊ ဝက်ပေါင်ခြောက် ထုတ်လုပ်ခြင်းကဲ့သို့သော တန်ဖိုးမြှင့် ထုတ်လုပ်သည့် နည်းပညာများ ပံ့ပိုးနိုင်ပါက အလုပ်အကိုင်နှင့် ဝင်ငွေများ တိုး တက်ရရှိစေ နိုင်ပါမည်။

ကျွဲ၊ နွားများမွေးမြူ၍ ဒေသတွင်းနှင့် အခြားဒေသများသို့ ရောင်းချခြင်းသည်လည်း အကျိုးဖြစ်ထွန်းသော လုပ်ငန်းဖြစ်ပါသည်။ ကောက်ရိုး၊မြက်နှင့် အခြားသီးနှံဘေးထွက်ပစ္စည်းများသည် ကျွဲ၊ နွားများအတွက် အဓိကအစားအစာဖြစ်ပြီး ကျေးရွာ အတွင်းတွင် အသင့်အတင့်ပေါများပါသည်။ ကျွဲ၊ နွားဝယ်ယူမွေးမြူရန် အရင်းအနှီးမတတ်နိုင်ခြင်းနှင့် ကျွဲနွားရောဂါများ ရာသီအလိုက် ကျရောက်တတ်ခြင်းတို့က ဆင်းရဲသော အိမ်ထောင်စုများအတွက် အဟန့်အတား ဖြစ်ပါသည်။

ကျေးရွာတွင် ကြက်မွေးမြူရေးလုပ်ငန်းကို ရွာရှိအိမ်ထောင်စုပေါင်း၏ထက်ဝက်ခန့် တနိုင်တပိုင်မွေးမြူကြပြီး ဈေကွက်၌လည်း ဝယ်လိုအားကောင်းပါသည်။ ကြက်ရောဂါများ ရာသီအလိုက်ကျရောက်တတ်သဖြင့် ကြက်မွေးမြူသူတို့အတွက် အကျိုးအမြတ်မှာ ထင်သလောက် မရတတ်ချေ။ မွေးကုဦးစီးဌာနမှ ထိရောက်သော ဂန်ဆောင်မှု များနှင့် မွေးမြူရေးအသိအမြင်များ ဖြန့်ဖြူး ရရှိစေခြင်းတို့ဖြင့် မွေးမြူသူတို့အတွက် အထူးသဖြင့် ဆင်းရဲသောအိမ်ထောင်စုများအတွက် အကျိုးအမြတ်ပိုစေပြီး စားနပ်ရိက္ခါ ပိုမိုဖူလုံစေပါမည်။

ကျေးရွာတွင် ဘဲမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် ရေမြေနေရာ သင့်တော်သဖြင့် စီးပွါးဖြစ်နှင့် တနိုင်တပိုင်မွေးမြူသူများရှိသည်။ ဘဲဥမှာလည်း ဝယ်လိုအားရှိပြီး အသင့်အတင့် အကျိုးရှိသော ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဘဲစာအဖြစ် ဆန်ကွဲ၊ ဖွဲနုနှင့် ပုဇွန်ဖွဲတို့ကို ရောနှော ကျွေးမွေးကြသည်။ ဤကျေးရွာနှင့်သနပ်ပင်မြို့ပေါ်တွင် ဓါတ်ဘဲသားဖောက်လုပ်ငန်းများရှိပြီး ဘဲသားပေါက် များကို ကာလပေါက်ဈေးဘဲမတစ်ကောင်လျှင် (၅၅၀)ကျပ်နှုန်းဖြင့် ကြိုတင်မှာယူရရှိနိုင်သည်။ ဓါတ်ဘဲသားဖောက်နေရာသည် ဘဲမွေးသူများထံသို့ ဘဲဖြန့်ဖြူးနေရာဖြစ်ပြီး ဘဲမျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်ရန်အရေးပါသည်။ ထိုသို့ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် အတွက်လည်း နိုင်ငံတော်မှ ကမကထပြုကာ ဦးစီးဦးဆောင် လုပ်သင့်ပါသည်။ ဘဲသားပေါက်

များကို ခြံထဲတွင် (၆)လခန့်ပြုစုမွေးမြူပြီး ဘဲဥများစတင်ရရှိနိုင်သည်။ ဥနှုန်းကောင်းသော ဘဲမျိုးများက (၈၀%)အထက် ဥနိုင်သည်။ ဘဲဥထုတ်လုပ်သူများသည် ဘဲဥကိုတန်ဘိုးမြှင့် ပြုပြင်ထုတ်လုပ်နိုင်ပါက အလုပ်အကိုင်နှင့်ဝင်ငွေပိုမို ရရှိနိုင်ပေမည်။ ယခုနောက်ပိုင်းတွင် ဘဲစာဈေးနှုန်းမြင့်တက်လာမှုကြောင့် ဘဲမွေးသူများ မျှော်မှန်းသလောက် အမြတ်အစွန်း မရနိုင်ကြပါ။ ဘဲစာဈေးနှုန်းမြင့်တက်လာသော်လည်း ဘဲဥဈေးနှုန်း လိုက်ပြီးမတက်သဖြင့် ဘဲမွေးမြူသူများ အရှုံးနှင့်ရင်ဆိုင်ရပါသည်။ ဘဲစာဈေးနှုန်း မြင့်တက်ချိန်တွင် အစာပမာဏအပြည့် မကျွေးခြင်း၊ ဈေးသက်သာပြီး အရည်အသွေး မပြည့်သောအစာကို ကျွေးခြင်းတို့ကြောင့် ဥနှုန်းကျဆင်းခြင်း၊ ဘဲဥရောင်းချ ဝင်ငွေလျော့နည်းခြင်းကြောင့် ဘဲစာအပြည့်အဝမကျွေးနိုင်ခြင်းတို့ ဆက်စပ်နေကာ ယခုကာလတွင် ဘဲမွေးသူအများစုမှာ အရှုံးနှင့်ရင်ဆိုင်နေကြရပြီး တွက်ခြေမကိုက်၍ ဘဲအရှင်များကို ထုတ်ရောင်းဈေးမှာလည်း တစ်ကောင်လျှင် (၁၇၀၀)ကျပ် ဝန်းကျင်သာ ရရှိနိုင်ကြသည်။

ငါးမွေးမြူရေးကန်အဖြစ် သီးသန့်မရှိသော်လည်း အိမ်ထောင်စု (၁၈)စုတွင် လယ်မြေ၌ကန်အငယ်များ တနိုင်တပိုင် တူးဖော်ထားရှိပြီး သဘာဝ အလျောက် ပေါက်ပွါးသော ငါးရိုင်းများကို ဖမ်းဆီးရောင်းချကာ တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိနိုင်ကြသည်။ အဆိုပါငါးမွေးကန်များကို စနစ်ကျသောမွေးမြူမှု နည်းစနစ်နှင့် သွင်းအားစုများ ထောက်ပံ့နိုင်ပါက တောင်သူများအတွက် ဝင်ငွေတိုးတက်ရရှိစေနိုင်ပါမည်။

### ၂.၃.၃။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| အရင်းအနှီးမရှိခြင်း | သက်သာသောအတိုးနှုန်းဖြင့်ထုတ်ချေးသောချေးငွေစနစ်မရှိခြင်း၊ |
| ကူးစက်ရောဂါ ကျရောက်တတ်ခြင်း | ဒေသကြက်မွေးမြူရာတွင် လည်လိမ်ရောဂါကျရောက်ပြီး ဆုံးရှုံးမှုများပြားတတ်သည်။ ဝက်ကူးစက်ရောဂါတချို့လည်း ဝက်မွေးမြူထုတ်လုပ်မှုကို ဟန့်တားစေပါသည်။ တိရစ္ဆာန်ကျန်းမာရေး အသိပညာ နည်းပါးခြင်း နှင့်ကာကွယ်ဆေးပြည့်မီစွာ မထိုးနှံခြင်းကြောင့် ဖြစ်ပါသည်။ |
| မွေးမြူရေးနည်းပညာနှင့် အစားအစာ | မွေးမြူရေးအသိ ပညာဗဟုသုတအားနည်းခြင်းကြောင့် ရွာသားများမွေးမြူရေးအသိပညာသင်တန်းများရရှိပါက မွေးမြူရေးမှ ဝင်ငွေ တိုးတက်စေပါမည်။ မွေးကုဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ပိုမိုပေးစွမ်းနိုင်ပါကလည်း မွေးမြူသူများအတွက် အကျိုး များစေပါမည်။<br>မွေးမြူရေးအစားအစာများမှာဈေးနှုန်းမြင့်တက်လာမှုများကြောင့် ဝက်နှင့်ဘဲမွေးမြူသူများအကျိုးအမြတ်ရသင့်သလောက် မရနိုင်ကြချေ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို မိရိုးဖလာမွေးမြူကြ၍ အခြေခံမွေးမြူရေးဆိုင်ရာ ကာကွယ်ရေး၊ ကုသရေးအသိပညာ၊ ဗဟုသုတများ ချိတ်ဆက်ရယူရန် လိုအပ်ပေမည်။ မွေးမြူရေးတိုးချဲ့လုပ်ကိုင် ရန် အရင်းအနှီးရနိုင်သော နေရာများနှင့် ချိတ်ဆက်ရန်လိုပါမည်။

## ၂.၄.၁။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၂ | | | စပါးကြိတ်ခွဲသောလုပ်ငန်းသည် ကျေးရွာတွင် အလုပ်ဖြစ်ပြီး ဝင်ငွေ ကောင်းသည်။ |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | | ၄ | | ပန်းရံဆရာနှင့် လက်သမားများ ဖြစ်ကြပြီး ဝင်ငွေအတော်အသင့် အဆင်ပြေကြပါသည်။ |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | ၁ | | ထွန်စက်များကို ပြင်ဆင်ပေးပြီးဝင်ငွေ အသင့်အတင့် ရရှိကြသည်။ မော်တော်ဆိုင်ကယ်ပြင်သူ(၁)ဦး၊ |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ) | ၅ | | | အပ်ချုပ် (၅)ဦးတို့ဖြစ်ကြကာ ဝင်ငွေအသင့်အတင့်မျှရရှိကြသည်။ |
| ၇ | လက်လီ-လက်ကား ရောင်းဝယ် ရေး | ၄ | | | လက်လီအရောင်းဆိုင်(၄)ဆိုင်ရှိပြီး စားသုံးသူ အိမ်ခြေနည်းသဖြင့် အကျိုးအမြတ် သာမန်မျှ သာရှိသည်။ |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ် ငန်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၅ | | | မိုးရာသီတွင်စက်လှေလုပ်ငန်း လုပ်ကိုင်သူ(၁)ဦးနှင့် ပွင့် လင်းရာသီတွင် ဆိုင်ကယ်တက္ကစီ (၄)ဦးတို့လုပ်ကိုင် ကြပြီး ရာသီအလိုက် ဝင်ငွေအသင့် အတင့် ရကြပါသည်။ |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်း ခြင်း နှင့် ဆက်စပ်သော လုပ်ငန်း များ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၅ | | ကျောင်းဆရာမများဖြစ်ပြီး ဝင်ငွေ ပုံမှန်ဖြင့်ရပ်တည်ကြသည်။ |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားအငှားလိုက်လုပ်ငန်းမျ ား | ၂ | ၇၇ | | သီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန် တွင်အလုပ်အကိုင်ရှိကြပြီး ကျန်ကာ လတွင် ဝင်ငွေအခွင့် အလမ်းနည်းပါး ကြသည်။ လော်စပီကာငှါး(၂)ဦး |
| ၁၇ | ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ | | | | |
| | **စုစုပေါင်း** | ၂၀ | ၈၇ | | |

- **စွန့်ဦးလုပ်ငန်းရှင်ပေါင်း : ၂၀**
- **ကျွမ်းကျင်လုပ်သားပေါင်း**

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | • ကျပန်းလုပ်သားပေါင်း | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ တောင်သူလယ်သမားများ၊ အမျိုးသမီးများ၊ မြေမဲ့ယာမဲ့နှင့် ရာသီအလိုက် စိုက်ပျိုးရေး အလုပ်သမားများသည် အောက်တွင်ဖော်ပြထားသော အလုပ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင် ကြပါသည်။

## ၂.၄.၂။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| လုပ်သားအင်အားအသင့်အတင့်ရှိခြင်း၊ | သက်မွေးဝမ်းကျောင်းသင်တန်းများမရရှိခြင်း၊ ရွာအနီးတဝိုက်တွင်အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊ ပညာရေး အဆင့်အတန်းမပြည့်မီခြင်း၊ |
| သနပ်ပင်၊ ပဲခူးဈေးတို့တည်ရှိပြီး ပစ္စည်းများကိုဝယ်ယူရောင်းချနိုင်သည့် ဈေးကွက်ရှိခြင်း၊ လက်လီ၊လက္ကားရောင်းဝယ်ရေး ဆောင်ရွက်နိုင်ခြင်း၊ | ဒေသရေမြေအနေအထားအရ မိုးအကုန် ဆောင်းအကူးကာလတွင် ချောင်း၌ရေနည်းသွားသဖြင့် ရေလမ်းမှမသွားနိုင်သလို မြေသားလမ်းလည်း မခြောက်သေးချိန်တွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြန့်ကြာတတ်ခြင်း၊ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန် ချေးငွေဝန်ဆောင်မှုတို့နှင့် လက်လှမ်း မမီခြင်း၊ |
| သနပ်ပင်နှင့်ပဲခူးမြို့ရှိ အလုပ်ခွင်များအတွက်ကျေးရွာမှ လူငယ်လူရွယ်များကို ကျွမ်းကျင်မှုသင်တန်းများပို့ချပေး နိုင်ခြင်း၊ | ဈေးကွက်နှင့်အလှမ်းဝေးခြင်း၊ မြို့ပေါ်လုပ် ငန်းခွင် လိုအပ်မှုသတင်း၊ သင့်တော်သော အလုပ်ရှင်တို့နှင့် အဆက်အစပ်နည်းခြင်း၊ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၃-၂၅၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် လုပ်သားအများအပြားရှိပါသည်။ စွန့်ဦးတီထွင်နိုင်သူနည်းပါးပါသည်။

## ၂.၅။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ကျေးရွာမှအကွာအဝေး(ကီလိုမီတာ) | သနပ်ပင်သို့(၃၇)ကီလိုမီတာ | ပဲခူးသို့ (၄၈)ကီလိုမီတာ |

| ဈေးကွက်လက်လှမ်းမှီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်း | မော်တာ၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် | မော်တာ၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ကား |
| ရရှိနိုင်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ | အမယ်မျိုးစုံ(အစားအစာ၊ အဝတ်အစား၊ ဆောက်လုပ်ရေးပစ္စည်း၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ စသည် ဖြင့်) | အနီးဆုံးဈေးကွက်နှင့် အတူတူဖြစ်သည်။ |
| ဈေးအဆောက်အဦးနှင့် ဝန်ဆောင်မှု | အသင့်အတင့်ကောင်း | ကောင်းမွန်၊ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၈-၂၀၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် သနပ်ပင်မြို့နှင့် (၃၇) ကီလိုမီတာအကွာတွင် တည်ရှိပြီး မိုးရာသီအတွင်း လမ်းပန်း ဆက်သွယ်ရေးမှာ ရေလမ်းဖြင့်ဖြစ်ပြီး ပွင့်လင်းရာသီတွင် ကုန်းလမ်းဖြင့် သွားလာနိုင်ပါသည်။ မိုးအကုန်ဆောင်းအကူးကာလ၌ ချောင်းတွင် ရေနည်းသွားသဖြင့် ရေလမ်းမှ မသွားနိုင်သလို မြေသားလမ်းလည်း မခြောက်သေး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြန့်ကြာ တတ်သည်။

## ၂.၆။ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲ များ |
|---|---|---|---|---|---|
| မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ချေးငွေ | ၆ လ | တစ်နှစ် ၅% | မလို | ပုံသေစည်းမျဉ်း |
| သမဝါယမဦးစီးဌာန | ချေးငွေ | ၆ လ | တစ်နှစ် ၁၈% | မလို | ပုံသေစည်းမျဉ်း |
| ငွေထုတ်ချေးသူ | ချေးငွေ | တိကျသောကာလ | တစ်နှစ် ၃၆% | လိုအပ် | ပုံသေစည်းမျဉ်း |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | တိကျသောကာလ | တစ်နှစ် (၃၆–၆၀)% | မလို | အချိန်တိုင်းမရနိုင် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၈-၂၀၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာ သားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ လက်ရှိတွင် တောင်သူများ အနေဖြင့် စာရွက်စာတမ်းပြည့်စုံပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံမှန်ချေး ငွေများကိုရရှိပါသည်။ ကျေးရွာရှိသမဝါယမအသင်းသည် သမဝါယမဦးစီးဌာနမှ ချိတ်ဆက်ကာ

အသေးစားချေးငွေများကို ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာတွင် ချေးငွေများကို ရွှေထည် ပစ္စည်းဖြင့် ၃ကျပ်တိုး၊ အပေါင် ပစ္စည်းမပါဘဲ ၁၀ကျပ်တိုးဖြင့်လည်း ချေးယူရရှိနိုင်ကြပါသည်။

## ၂.၇။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု

### ၂.၇.၁။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား (၂၅)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ | မြင့်မား | သဘာဝမြေသြဇာ အသုံးမပြုခြင်းနှင့် ဓာတုမြေသြဇာအသုံးပြုခြင်း၊ ပိုးသတ် ဆေးနှင့် ပေါင်းသတ်ဆေး အသုံးပြုခြင်း |
| သီးနှံဖျက်ပိုးနှင့် ရောဂါနှိမ်နင်းသောအလေ့အကျင့်များ | အသင့်အတင့် | ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်း ခြင်းထက် ဓာတုဆေးများအပေါ် မှီခိုလွန်းခြင်း |
| မိုးခေါင်ခြင်း | အသင့်အတင့် | တစ်ချို့နှစ်များတွင်ရာသီဥတု ပြောင်းလဲခြင်းကြောင့် မိုးခေါင်ခြင်းဖြစ်ပေါ်ခြင်း |
| အအေးလွန်ကဲခြင်း | နည်းပါး | - |
| စွန့်ပစ်အညစ်အကြေးများအားစနစ်တကျမစွန့်ပစ်ခြင်း | မြင့်မား | ပလက်စတစ်အိတ်များ၊ ပုံးခွံများစည်းကမ်းမဲ့အသုံးပြု စွန့်ပစ်ခြင်း |
| မိုးခေါင်ခြင်း | အသင့်အတင့် | တစ်ချို့နှစ်များတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့်မိုးခေါင်ခြင်းဖြစ်ပေါ်ခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စစ်တောင်းမြစ်နှင့်နီးသဖြင့် ရွာမြေဧရိယာထဲသို့ ဆားငန်ရေဝင်ရောက်မှုကို ရင်ဆိုင်ရတတ်ပါသည်။ စိုက်ပျိုးမြေ တချို့မှာလည်း ရေငန်ဝင်ရောက်မှုရှိတတ်ခြင်း၊ ဓါတ်မြေသြဇာကို အဓိကထားသုံးစွဲခြင်း၊ ပေါင်းသတ်ဆေးများအသုံးပြုခြင်း၊ သဘာဝမြေသြဇာသုံးစွဲမှုအလွန် အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးမြေအရည်အသွေးကျဆင်းလာမှုကို ရင်ဆိုင်ကြရပါသည်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ခြင်း – ပလပ်စတစ်အိတ်ခွံများ၊ ကော်ဖီမှုန့်အိတ်ခွံများ၊ ပုလင်းခွံ၊ ဘူးခွံများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကြောင့် သဘာဝပါတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါသည်။

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကို ကံကောင်းထောက်မစွာဖြင့် ရင်မဆိုင် ရသေးသော်လည်း ရင်ဆိုင်ရခဲ့သည်ရှိသော် ကျော်လွှားနိုင်ရန်ကျွန်ုပ်တို့ ကျေးရွာသားများသည် မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများနှင့် လက်တွဲကာ သဘာဝဘေး အန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းနည်းပညာများ၊ အစီအမံများကို သင်ယူရန်လိုအပ်ပါသည်။

## ၂.၇.၂ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | လတ် | ကျေးရွာသည် မြေနိမ့်ပိုင်း တွင် တည်ရှိ၍ ပုံမှန်မဟုတ်သော ဒီရေတက်ခြင်း ကြုံတွေ့ရပါသည်။ | မရှိ |
| မီးဘေး | နည်း | မီးဘေးကို ဖြစ်ခဲပါသည်။ | မီးသတ်တပ်ဖွဲ့ဖွဲ့စည်းထားပါသည်။ |
| မုန်တိုင်း | နည်း | ဖြစ်ခဲပါသည်။ မိုးလယ်တွင် မိုးသက်လေပြင်း အနည်းငယ် တိုက်ခိုက်ခြင်း သာဖြစ်သည်။ | မရှိသေးပါ |
| မိုးခေါင်ခြင်း | လတ် | တခါတရံဖြစ်တက်ပါသည်။ | မရှိ |
| အအေးလှိုင်း | နည်း | ဆိုးဆိုးရွားရွားမတွေ့ကြုံဘူးပါ | မရှိ |
| တိရစ္ဆာန်ရောဂါကျရောက်မှု | လတ် | ကြက်၊ ဝက်၊ နွားများတွင် ရာသီအလိုက်ကူးစက်ရောဂါများဖြစ်ကြပါသည်။ | တိကုဌာနမှကာကွယ်ဆေးထိုးပေးပါသည်။ |
| တိရစ္ဆာန်ရောဂါဖြစ် ပွါးမှု | နည်း | နွားများတွင် ခွာနာလျှာနာ ရာသီအလိုက်သာဖြစ်ကြသည်။ | တိကုဌာနမှကာကွယ်ဆေး လာရောက်ထိုး ပေးသည်။ |
| လူရောဂါဖြစ် ပွါးမှု | လတ် | ရာသီအကူးအပြောင်းတွင် ဖြစ်တတ်သောရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးအဖြစ်များကြပါသည်။ | သွေးသွန်တုပ်ကွေးအသိပညာပေးရံဖန်ရံခါလုပ်ပေးပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၃-၂၅၊ ဇူလိုင်လ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေး အစီအစဉ်၊ လေ့ကျင့်ခန်းများနည်းပါးပါသည်။

## ၂.၈.၁။ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေးနှင့်စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက်၊လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၁၄ | ၅၄ | ၆၈ | ၈.၇% |

| | | | | |
|---|---|---|---|---|
| ဘာသာရေးအခြေပြုပညာရေး | ၂၃ | ဝ | ၂၃ | ၂.၉% |
| မူလတန်းပညာရေးပြီးဆုံးသူများ | ၂၅၅ | ၂၇၂ | ၅၂၇ | ၆၇.၂% |
| အလယ်တန်းပညာရေးပြီး ဆုံးသူများ | ၆၁ | ၇၉ | ၁၄ဝ | ၁၇.၉% |
| အထက်တန်းပညာရေးပြီး ဆုံးသူများ | ၁၅ | ၇ | ၂၂ | ၄.၁% |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၃ | ၁ | ၄ | ဝ.၅% |
| ၉ နှစ်အထက်လူဦးရေပေါင်း | ၃၇၁ | ၄၁၃ | ၇၈၄ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂ဝ၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာသားအများစုသည် အရေး၊ အဖတ်၊ အတွက်အချက်တို့ကိုတတ်မြောက်ကြပါသည်။ ကျေးရွာတွင် ၆၇.၂% သည် မူလတန်းပညာပြီး မြောက်ကြပြီးသူများဖြစ်ပါသည်။ ဘွဲ့ရကျား (၃) ဦး၊ မ (၁) ဦးတို့ရှိကြပြီး၊ အထက်တန်းပညာ၊ ဘွဲ့ရပြီးသူများသည် ရာခိုင်နှုန်းအားဖြင့်နည်းပါသည်။

## ၂.၈.၂။ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၄၇ | ၅၈ | ၁ဝ၅ | ၁၉၇% |
| အလယ်တန်း(၁ဝ-၁၄နှစ်) | ၂၇ | ၃၄ | ၆၁ | ၅၇% |
| အထက်တန်း (၁၅-၁၆နှစ်ကြား) | ၇ | ၅ | ၁၂ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၁ | ၂ | ၃ | |

ရည်ညွှန်း ….. ကျေးရွာကျောင်းအုပ်ဆရာမကြီးမှတဆင့်ကျောင်းသားမှတ်တမ်းစာရင်းမှကောက်ယူသည်။ (၁၈–၂ဝ ရက်၊ ၇ လ၊ ၂ဝ၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မူလတန်းကျောင်းသား ကျား (၄၇)ဦး၊ မ(၅၈)ဦး၊ ပေါင်း (၁ဝ၅)ဦးရှိပြီး အသက် ၅နှစ် မှ ၉ နှစ်ထက်ကြီးသော ကလေးငယ်များပါဝင်ကြသည်။ ကျေးရွာတွင် မူလတန်းလွန်ကျောင်းဖွင့်လှစ်ထားပြီး အလယ်တန်းကျောင်းသား ကျား(၂၇)ဦး၊ မ(၃၄)ဦး၊ ပေါင်း (၆၁) ဦး တက်ရောက်သင်ကြားနေကြပါသည်။ အထက်တန်းကျောင်းသားကျား(၇)ဦး၊ မ(၅)ဦးတို့သည်လည်း အထက်တန်းပညာကို အခြားကျေးရွာများတွင် သင်ကြား လျက်ရှိကြပါသည်။

## ၂.၈.၃။ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမှီမှု

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာအတွင်း | ရွာအတွင်း |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် | ခြေလျင် |
| စာသင်ကျောင်းအရွယ်အစား (အလျား၊အနံ၊အမြင့်) | ၆ဝပေ× ၃ဝပေ× ၁၂ပေ တစ်ဆောင်၊ | ၄ဝ ပေ× ၃ဝ ပေ× ၉ ပေ တစ်ဆောင်၊ |
| အမိုး၊နံရံ၊အခင်းအရည်အသွေး | သွပ်မိုး၊အုတ်ထရံကာ၊ ကွန်ကရစ်ခင်း ဖြစ်ပြီး အမိုးပေါက်ပြဲမှုရှိသည်။ | သက္ကယ်မိုး၊ ဝါးထရံကာ၊ ကြမ်း ခင်းဖြစ်ပြီး ကျောင်းဆောင်ညံ့ သည်။ |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှု ရှိ/မရှိ) | မလုံလောက်၊ စာသင်ခုံလည်း မလုံ လောက်၊ | | | မလုံလောက်၊ စာသင်ခုံလည်း မလုံလောက်၊ | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| | ၁ | ၃ | ၄ | | ၁ | ၁ |

ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမူလတန်းကျောင်း၏ ကျောင်းဆောင်အနေအထားမှာ အင်္ဂတေ အခင်း၊ အုတ်နံရံကာနှင့် သွပ်မိုးဖြစ်ပြီး ခေါင်မိုးမှာ တချို့နေရာတွင် ပေါက်ပြဲနေကာ ကျောင်းပရိ ဘောဂ၊ စာသင်ခုံများမှာ မလုံမလောက်ဖြစ်နေပါသည်။ ကျောင်းတွင်ဆရာနှင့် ကျောင်းသားအချိုးအ စားသည် (၁:၂၆)ရှိသော်လည်း မူလတန်းလွန်ကျောင်းကို ယခုနှစ်တွင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းရှိ ပဥ္စမတန်းကျောင်းသား(၆၁)ဦး အတွက် ဆရာမတစ်ဦးတည်း သာရှိသေးသဖြင့် ဘာသာရပ် အလိုက် ပြသမည့် ကျောင်းဆရာအင်အား မလုံလောက်ခြင်းတို့ရှိနေပါသည်။ မူလတန်းကျောင်းသား များအတွက် ကျောင်းဖွင့်ရာသီတွင် ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ပံ့ပိုးမှုရှိခဲ့ပြီး ထပ်မံ လိုအပ်သော ဗလာစာအုပ်များကိုမူ ပြင်ပမှဝယ်ယူသုံးစွဲရပါသည်။ မိဘဆရာအသင်းမှာ ကျေးရွာ ပညာရေးမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လိုအပ်ပါသည်။

## ၂.၈.၄။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးနှင့်ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | မူလတန်းပြ ဆရာ/ဆရာမ ၄ ဦး၊ မူလွန်ပြ ၁ ဦး၊ ပေါင်း ၅ ဦး |
| တပည့် - ဆရာ အချိုး | (၂၆:၁) |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မိဘများဆင်းရဲ၍ ယခင်နှစ်က ကျောင်းသား ၄ ဦးကျောင်းထွက် ပါသည်။ ကျောင်းထွက်ရာခိုင်နှုန်း ၃% ရှိပါသည်။ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များကို လှူဒါန်းပေးပါသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ဆင်းရဲသောမိသားစုများအတွက် ကုန်ကျစရိတ်သက်သာရန် ထောက်ပံ့ရေး အစီအစဉ်မရှိပါ။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | မိဘဆရာအသင်းသည် လုပ်ငန်းများတွင် ပါဝင်တက်ကြွမှုနည်း ပါသည်။ မိဘနှင့်ဆရာကြား ညှိနှိုင်းမှုနည်းပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ –၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲသော အိမ်ထောင်စုများ၏ သားသမီးများ ပညာရေးကုန်ကျစရိတ် မတက်နိုင်ကြပါ။ မိဘဆရာအသင်း ကျေးရွာပညာရေးဖွံ့ဖြိုးတိုးတက်ရန် ညှိနှိုင်းလုပ်ဆောင်ရန်

လိုအပ်ပေမည်။ မူလွန်တန်းတွင် ကျောင်းဆရာမတစ်ဦးသာရှိ၍ ပညာရေးဌာနမှ ဆရာ/ဆရာမများ ခန့်ထားပေးရန် လိုပါမည်။ မိဘဆရာအသင်း ပိုမိုပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ပါမည်။

## ၂.၉။ ကျန်းမာရေးနှင့်အာဟာရ

### ၂.၉.၁။ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသောရောဂါများ

| | | | |
|---|---|---|---|
| ၁.ရာသီတုပ်ကွေး | ၂.သွေးလွန်တုပ်ကွေး | ၃. ဝမ်းပျက် | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ –၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာသီတုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးတို့ဖြစ်ပွါးတတ်ကြပါသည်။ သာမန်တုတ်ကွေးရောဂါအတွက် အခက်အခဲမရှိသော်လည်း သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွါးမှုလျော့ကျအောင် ပညာပေးမှုများ၊ ခြင်နှိမ်နင်းရေး ဆောင်ရွက်မှုများ လုပ်ဆောင်ပေးသင့်ပါသည်။

### ၂.၉.၂။ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးခန်းများ)

ဇယား (၃၁) ကျန်းမာရေးအထောက်အပံ့များ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာ အဝေး (ကီလို) | အခန်း/ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) |
|---|---|---|---|---|
| ကျေးလက်ကျန်း မာ ရေးဌာန | ၂.၄ ကီလို (ရစ်ကန် ကျေးရွာ) | - | ဒေါက်တာ … မရှိ<br>သူနာပြု ….. မရှိ၊<br>သားဖွားဆရာမ .. ၁ ဦး | လုံလောက်မှုမရှိ |
| ဆေးရုံ | ၁၈ ကီလို မီတာ | လုံလောက်မှုရှိ | ကျန်းမာရေးမှူး……<br>သူနာပြု……..<br>သားဖွားဆရာမ………. | လုံလောက်မှုရှိ၊ (သနပ် ပင်မြို့နယ်ဆေးရုံ) |
| ဆေးဆိုင် | ၂.၄ ကီလို | - | - | လျှပ်စစ်မီးမရှိသော ကြောင့်ဆေးကိုအအေးခန်း တွင်မသိုလှောင်နိုင်ပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ –၂၅၊ ၇၊၂၀၁၅ )

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့၏ တစ်ရွာလုံးသည် ကျေးရွာမှ ၂ကီလိုမီတာခွဲခန့်ဝေးသော နီးစပ်ရာ ရစ်ကန်လေး ကျေးလက်ဆေးပေးခန်းနှင့် သနပ်ပင်ဆေးရုံတွင်လည်း ဆေးကုသမှု ကောင်းစွာ ခံယူနိုင်ပါသည်။ အိမ်ဈေးဆိုင်များတွင်လည်း သာမန်အိမ်သုံးဆေးများသာ ရရှိနိုင်ပြီး မြို့ပေါ်တွင်

သာ ဆေးများကို အအေးခန်း တွင်သိုလှောင်မှု ရရှိနိုင်ပါသည်။ ကျန်းမာရေးကိစ္စအတွက် လိုအပ်ချိန်တွင် နီးစပ်ရာဆေးပေးခန်းသို့သွားရခြင်းသည် အဟန့်အတားတစ်ခုဖြစ်နေသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်လာစေရန်အတွက် ကျေးလက်ဆေးပေးခန်းတစ်ခု တည်ထောင်ဖွင့်လှစ်ပေးရန် ကျေးရွာ၏ဖွံ့ဖြိုးလုပ်ငန်း ဦးစားအစီအစဉ်(၁)အဖြစ် အမှတ်ပေးဖော်ပြထားရှိပါသည်။

**၂.၉.၃။ ရေနှင့်သန့်ရှင်းရေး**

ဇယား (၃၃) သောက်သုံးရေရရှိမှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေကန် | ၁ | သင့် (ပုံမှန်စမ်းသပ်ခြင်းမရှိ) | | ရှိ | ရှိ | နွေရာသီတွင်ရေခမ်းခြောက်တက်သည်။ |
| မြစ်ချောင်း | မရှိ | | | | | |
| ရေတွင်း | မရှိ | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၂၃–၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ တစ်ရွာလုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ သောက်ရေကန်တစ်ကန် ရှိပြီး ရေပိုမိုသိုလှောင်ထားရှိနိုင်ရန်အတွက် လက်ရှိကန်ကို ပြုပြင်မွမ်းမံရန်လိုအပ်ပါသည်။

**၂.၁၀။ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)**

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၁၂ | အိမ်သာကျင်းကိုဝါးနှင့် ရိုင်ပက်ထားခြင်းနှင့် သဲဆန်သောမြေဖြစ်၍ အိမ်သာများကို နှစ်စဉ်ပြုပြင်ရန် လိုအပ်ပေမည်။ |
| ကျင်းအိမ်သာ | ၁၃၉ | အချို့သည် မြေပေါ်အိမ်သာသုံးကြပါသည်။ |
| တောထိုင် | ၁၉ | အိမ်သာမဆောက်လုပ်ကြဘဲ ဆွေမျိုးအိမ်များတွင်သာ အသုံးပြုကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၂၃ –၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု(၁၂)စုသာ ယင်လုံအိမ်သာ အသုံးပြုကြပြီး (၁၃၉)အိမ်မှာ မြေပေါ်အိမ်သာကို အသုံးပြုကြပါသည်။ တချို့အိမ်ထောင်စုမှာ အိမ်သာ မရှိပဲ အိမ်နီးချင်းအိမ်သာများကို အသုံးပြု သည်လည်းရှိပါသည်။ ကျေးရွာသည် မြေနိမ့်ပိုင်းတွင် တည်ရှိသဖြင့် ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု အား နည်းပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသူကျောင်းသားများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေး အတွက် လုံလောက်သော အသုံးအဆောင်မရှိပါ။

## ၂.၁၁.၁။ ကျေးရွာတွင်လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း/ဆိုး | တည်ဆောက်ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| ချဉ်းကပ်လမ်း | | | - | | | - |
| ရွာတွင်းလမ်း | ၁ | မိုးရာသီ တွင်ဆိုးရွား ပါသည်။ | | သုံးစွဲနိုင် | | ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ သနပ်ပင်သို့ ကုန်းလမ်း၊ ရေလမ်းနှစ်သွယ်ဖြင့် ရာသီအလိုက် သွားလာနိုင်ပါသည်။ ကျေးရွာမှမြို့သို့တက်ရာကားလမ်းအထိကို မြေသားလမ်းဖြင့်ဆက်သွယ်ထားပြီး ထိုလမ်းကို ကျောက်ချော လမ်း ခင်းနိုင်ပါက ကုန်းလမ်းဖြင့် တစ်နှစ်ပတ်လုံး သွားလာနိုင်ပါမည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေး အစီအစဉ်တွင်လည်း ကျောက်ချောလမ်းခင်းခြင်းကို ဦးစားပေးအစီ အစဉ်(၄)အဖြစ် သတ်မှတ်ထားကြပါသည်။

**လမ်းတံတားအခြေအနေ**

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| ဆိပ်ခံတံတား | | | | | |
| တံတား | (၄၀ x ၄ x ၁၂) ပေ | ကောင်း | ၂၀၁၁ | | √ |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ –၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တံတား၁ စင်းရှိပြီး ကျေးရွာတွင် မိုးရာသီအတွင်း ရွာထဲတွင် ဖြတ်သန်း သွားလာရန် ချောင်းကူးတံတားတစ်စင်းလိုအပ်နေပါသည်။

## ၁၁.၂။ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး | ယာဉ် | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|

| | (ကီလိုမီတာ) | အမျိုးအစား | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
|---|---|---|---|---|
| မြစ်ကြောင်း | ၁၈ ကီလို | ၂ | မိုးရာသီတွင်သာ သွားလာနိုင်သည်။ | – |
| ပင်လယ်ရေကြောင်း | – | – | – | – |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ –၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ မိုးရာသီတွင် သနပ်ပင်သို့ရေလမ်းခရီး (၁၇)ကီလိုမီတာကို စက်လှေဖြင့် သွားလာနိုင်ပြီး ကုန်းလမ်းဖြင့်မသွားနိုင်ပါ။ ကျေးရွာတွင် စက်လှေ (၂၈)စီး၊ လောင်းလှေ (၁၀၃)စီး တို့ကို ရေကြောင်း ခရီးတွင်အသုံးပြုရန် ပိုင်ဆိုင်ထားကြပါသည်။ မိုးကုန်ပိုင်းတွင် ချောင်းတွင်း ရေထု နည်းသွားသဖြင့် ရေကြောင်းသွားလာရန် မဖြစ်နိုင်တော့ပဲ ကုန်းကြောင်းဖြင့် သွားလာကြ ပါသည်။ မိုးအကုန် ဆောင်းအကူးတွင် မြေသားမမာသေးသည့် ကြားကာလတွင်လည်း သွားရေးလာ ရေးခက်ခဲတတ်ပါသည်။

## ၂.၁၁.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | စက်လှေ | မော်တော်ဆိုင်ကယ် | ထော်လာဂျီ | ဘတ်စ်ကား | လှေ |
|---|---|---|---|---|---|
| အရေအတွက် | ၂၈ | ၄၉ | ၁ | | ၁၀၃ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကုန်းလမ်းဖြင့်သွားလာရန် ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၄၉)စီး၊ ထွေလာဂျီ(၁)စီး၊ စက်လှေ ၂၈ စီး၊ လှေ ၁၀၃ စီး ပိုင်ဆိုင်ကြပါသည်။

## ၂.၁၂။ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | မရှိ | – | |
| ဆိုလာစနစ် | ၈၀ | သင့် | မိုးရာသီ၊ တိမ်ထူသောနေ့များတွင် အား သွင်းရန်ခက်ခဲသည်။ ဘက်ထရီကို အချိန် မီ အစားထိုးရန် လိုအပ်သည်။ |
| ဒီဇယ်သုံးအင်ဂျင် | ၁ | သင့် | မရှိ။ပုဂ္ဂလိကသုံးစွဲကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်း မရှိသေးပါ။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲသူအိမ်ထောင်စု (၈၀)စုရှိကြပြီး တီဗီ၊ ဗီဒီယို၊ ဖုန်းအားသွင်း၊ အိမ်းသုံးမီးအလင်းရောင်တို့အတွက် အသုံးပြုကြသည်။ ရွာသားများအနေဖြင့် လျှပ်စစ်မီးသွယ်

တန်းအသုံးလိုသော်လည်း ပင်မဓါတ်အားလိုင်းနှင့်လည်း (၁၆)ကီလိုမီတာခန့် ဝေးနေခြင်းနှင့် ငွေကြေးအင်အားနည်းသဖြင့် သွယ်တန်း အသုံးပြုရန် အလှမ်းဝေး နေပါသေးသည်။ ကျေးရွာသည် မြေနိမ့်ပိုင်းတွင်တည်ရှိပြီး ခရီးဝေးသဖြင့်ရွာ၏ထည့်ဝင် မှုဖြင့် လျှပ်စစ်သွယ်တန်းမည်ဆိုပါကလည်း စရိတ်စက ကြီးမြင့်မှုရှိပေမည်။ သို့ကြောင့်နိုင်ငံတော်အပိုင်းမှ ဦးဆောင်ကျခံပေးနိုင်မှသာ လျှပ်စစ်မီးသွယ်တန်းအသုံးပြုနိုင်ရေးအခွင့်အလမ်း နီးစပ်သွားနိုင်ပါမည်။

ကျေးရွာတွင် လျှပ်စစ်မီးမရှိသေးသဖြင့် ချက်ပြုတ်စားသောက်ရန် ထင်းကို ပိုမိုအသုံးပြုရခြင်းကြောင့် အိမ်သုံးစရိတ်မြင့်မားကြရပါသည်။ ယခုကာလတွင်ထင်းကိုလည်း တောထဲမှ အလွယ်တကူခုတ်ယူ မရနိုင်သဖြင့် ကျေးရွာသားများအတွက် ထင်းရရှိရေးမှာလည်း ဝန်ထုတ်ဝန်ပိုး တစ်ခုဖြစ်နေပါသည်။ လျှပ်စစ်မီး သွယ်တန်းအသုံးပြုနိုင်ပါက ထင်းရရှိရေးအခက်အခဲကို ကျော်လွှားနိုင်ပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မား လာစေနိုင်ပါမည်။

## ၂.၁၃။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အခြား(စကိုင်းနက်) |
|---|---|---|---|---|
| အရေ အတွက် | ၈၁ | ၅၀ | ၇၈ | စကိုင်းနက် ၂၊ ပီအက်စ်အိုင် ၉ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဂျာနယ်နှင့် ဂြိုလ်တု စလောင်းများဖြင့် သတင်းအချက်အလက်များ ရရှိအသုံးပြု နိုင်ကြပါသည်။ အင်တာနက် ဆက်သွယ် ရေး စနစ် မှာတော့ အကန့်အသတ်ရှိနေဆဲဖြစ်ပြီး ထိရောက်စွာ မသုံးစွဲနိုင်ကြသေးပါ။

## ၂.၁၄။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးကဏ္ဍအတွက် အမာခံအင်အား အဖြစ် တက်ကြွ စွာဆောင်ရွက်ခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးကဏ္ဍအတွက်အမာခံအင်အားအဖြစ် တက်ကြွ စွာဆောင်ရွက်ခြင်း |
| အားကစားပစ္စည်းများအားလက်လှမ်းမှီမှု | ရှိ | အားကစား အထူးသဖြင့် ဘောလုံးကစားရာတွင် သာတူညီမျှ ပါဝင်ကြပါသည်။ |
| ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောလုပ်ငန်းများ (ဥပမာ–ဘုန်းတော်ကြီးကျောင်းဝန်းသန့်ရှင်းရေး) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ – ၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်လူရွယ်များ အသိအမြင်ကြွယ်ဝတိုးတက်ရေးအတွက် စာကြည့်တိုက်နှင့် ကွန်ပျူတာ၊ ပရိဘောဂပစ္စည်း၊ အခြားလိုအပ်သော ကိရိယာတန်ဆာပလာများ ပြည့်စုံသောလေ့လာသင်ယူရေးနေရာတစ်ခုတို့ လိုအပ်နေပါသည်။ အင်တာနက်ဆက်သွယ်ရေးကောင်းမွန်ပါလည်း လေ့လာသင်ယူရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်သဖြင့် ဆက်သွယ်ရေးကောင်းမွန်အောင်လည်း ဆောင်ရွက် ပေးသင့်ပါသည်။

ကျေးရွာတွင် ရပ်သူရွာသားများသည် ဘာသာရေး၊ လူမှုရေးကိစ္စရပ်များတွင် လူကြီး၊ လူလတ်၊ လူငယ်၊ ကျား၊ မတို့ ညီညွတ်တက်ကြွစွာ ကျရာတာဝန်ကို ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ကြပါသည်။

## ၂.၁၅.၁။ ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု | ရှိ | ကျေးရွာသားများသည် မိုဘိုင်းဖုန်းဆက် သွယ်မှု လက်လှမ်းမှီမှုရှိပါသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု | ရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ လက်လှမ်းမှီမှု ရှိသော်လည်း ချိတ်ဆက်မှုနည်းပါ သည်။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | မရှိ | ဘေးအန္တရာယ်လျှော့ချရေးအတွက် စီမံခန့်ခွဲမှုများမရှိပါ။ |
| ရဲစခန်းများအား လက်လှမ်းမှီမှု | ရှိ | ပြည်သူစစ်ရှိသလို နယ်မြေရဲစခန်းနှင့်လည်း လက်လှမ်းမှီမှုရှိပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃ –၂၅ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ ပြည်သူလူထုမှာ ဘေးကင်းလုံခြုံကြပါသည်။ ရဲစခန်းများဖြစ်သည့် ကုလားချောင်းကြီးရဲစခန်း၊ သနပ်ပင်ရဲစခန်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ရန် လွယ်ကူပါသည်။

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြိုတင်စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ အသိပညာ ပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ အားနည်းနေသေးပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို ထိခိုက်စေနိုင်သော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သင်တန်းများထပ်မံ ရယူရန်လိုအပ်နေဆဲဖြစ်ပါသည်။

## ၂.၁၅.၂။ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှုအခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | သာမန် | သာမန် | သာမန် | သာမန် |

ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၁၈ – ၂၀ ရက်၊ ၇ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းစိုးရိမ်ရသော ပြစ်မှုမှုခင်းဖြစ်ပွားခြင်းတခါမှမဖြစ်ပွားဘူးပါ ။ လုံခြုံ အေးချမ်းပါသည်။

**နောက်ဆက်တွဲ (၂)**

**ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| သဘာဝအရင်း အမြစ်များ | ကျေးရွာသည် မြေနိမ့်ပိုင်းတွင်တည်ရှိပြီး ရေမြုပ်ဇရိယာများပြား သဖြင့် ဘဲနှင့် ငါးမွေးမြူရေးအတွက် အခြေအနေကောင်း ရှိပါသည် |
| ပထဝီအနေအထားဆိုင်ရာ အားသာချက် | ကျေးရွာသည် သနပ်ပင်နှင့် ပဲခူးမြို့များသို့ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး ကျေးရွာထုတ်ကုန်များ၊ စိုက်ပျိုးရေး သွင်းအားစုများကို ရောင်းဝယ်ဖောက်ကားရာတွင် မိုးအကုန်ဆောင်းအ ကူးကြားကာလမှလွဲ၍ ကျန်ကာလများတွင် လွယ်ကူသည်။ ရေလမ်း၊ ကုန်းလမ်းနှစ်သွယ်ကို ရာသီအလိုက်အသုံးပြုနိုင်သည်။ |
| ဒေသတည်ငြိမ် အေးချမ်းမှု | ဒေသတွင် ရာဇဝတ်ပြစ်မှုဖြစ်ပွါးခြင်း အလွန်နည်းပြီး ဒေသတည်ငြိမ် အေးချမ်းမှုက အရောင်းအဝယ် ပိုမို ဖြစ်ထွန်းစေသည်။ |
| ကျေးရွာလူဦးရေ | အလုပ်လုပ်နိုင်သည့်အရွယ်သည် ၇၄% အထက်ရှိကာ လုပ်သား အင်အားများပြား၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ကျွမ်းကျင် မှုသင်တန်း၊ သက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုး ပေးနိုင်သည်။ |
| တယ်လီဖုန်းဆက်သွယ်ရေး | ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးမှာ အကန့်အသတ် ရှိနေဆဲ ဖြစ်သော်လည်း ရွာထွက်ကုန်၊ သွင်းအားစုများ၏ ဈေးနှုန်းများကို မြို့ဈေးကွက်သို့ လှမ်းမေးသိရှိနိုင်သည်။ အခြားကိစ္စရပ်များအတွက် လည်း ဆက်သွယ်စုံစမ်းသိရှိနိုင်သည်။ |

## ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| သဘာဝအရင်းအမြစ်နှင့် အသုံး အဆောင်များအတွက်ကန့်သတ်မှုများ | • တောင်သူများအတွက် လယ်ယာလုပ်ငန်းချိန်တွင် အလုပ် သမား မလုံလောက်မှုကိုခက်ခဲစွာရင်ဆိုင်နေကြရသည်။ ထို့ကြောင့်စပါး စိုက်ပျိုးချိန်တွင် ပျိုးစိုက်ခြင်းထက် ကြဲပက်စနစ်များကို အသုံးပြု ကြရပြီး အထွက်နှုန်းကို ထိခိုက်စေသည်။<br>• မြေနိမ့်ဒေသဖြစ်သည် နှင့်အညီလယ်မြေများမှာ မိုးတွင်းကာလ ရေကြီးကွင်းများဖြစ်နေပြီး စိုက်ပျိုးချိန်များ နောက်ကျခြင်းက စိုက်ပျိုးသီးနှံများကို အထွက်လျော့စေသည်။ |
| ရာသီဥတုမမျှတခြင်း | • မိုးရွာသွန်းမှုလျော့နည်းခြင်းက စိုက်ပျိုးသီးနှံများကိုအထွက် လျော့စေသည်။တခါတရံမိုးခေါင်ခြင်းများကလည်း အထွက်နှုန်း ကို ပိုမိုထိခိုက်စေသည်။ |
| မွေးမြူရေးသွင်းအားစု ဈေးကြီးမြင့်မှု | • ဘဲမွေးမြူရေးအကျိုးအမြတ်ရရှိရေးတွင်ဘဲစာတန်ဖိုးသည်တိုက် ရိုက်အချိုးကျသဖြင့် ယခုနောက်ပိုင်းကာလတွင် ဘဲစာဈေးနှုန်း ကြီးမြင့်လာမှုသည် ဘဲမွေးမြူသူများအတွက် အဟန့်အတား တစ်ခုဖြစ်သည်။ |
| နည်းပညာနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမမှီခြင်း | • သက်ဆိုင်ရာဌာနများမှ နည်းပညာဝန်ဆောင်မှုများ ရနိုင်သော် လည်းခရီးသွားရန်ခက်ခဲခြင်း(သို့) ခရီးစရိတ်အခက်အခဲတို့ ကြောင့် ရွာသို့အရောက်အပေါက် နည်းကာ လက်လှမ်းမမီ ဖြစ် |

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | တတ်သည်။ |
| ချေးငွေရရှိရေးအခက်အခဲများ | • စိုက်ဘဏ်မှ ငွေထုတ်ချေးရန် တချို့ တောင်သူများမှ လယ်ယာမြေ အသုံးပြုခွင့်လက်မှတ် ပုံစံ(၇) မရှိ၍ ငွေမချေးနိုင်ခြင်း၊<br>• ငွေတိုးချေးစားသူများထံမှ အတိုး နှုန်း ကြီးမြင့်ခြင်း၊<br>• အသေးစားငွေကြေးလုပ်ငန်း၊ အာမခံ လုပ်ငန်းတို့မရှိခြင်း၊<br>• စီးပွါးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးယူရန် အပေါင် ပစ္စည်း လိုအပ်ခြင်း၊<br>• မြို့နယ်ရှိဘဏ်ဝန်ဆောင်မှုများကျေးလက်အရောက်မပေးနိုင်ခြင်း၊<br>• စီးပွါးရေးနှင့် ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးယူရာတွင် ငွေချေး ယူလိုသူ များအတွက် ပုံစံဖြည့်စွက်မှုတွင် အခက်အခဲရှိခြင်း၊ |
| ပညာရေးအဆောက်အအုံ၊ဝန်ဆောင်မှု များအား လက်လှမ်းမီမှု | • မူလတန်းလွန်ကျောင်းတွင် ဆရာအင်အား မလုံလောက်ချေ။ မူလတန်းကျောင်းဆောင်တွင်လည်း ပြုပြင်မွမ်းမံရန် လိုအပ်ပါသည်။ မူလတန်းလွန် ကျောင်းဆောင်မှာလည်း ကျောင်းကောင်းတစ်ဆောင်၏အရည်အသွေးမပြည့်မီသေးပါ။ ကျောင်းသားများအတွက် စာသင်ခုံ မလုံလောက်မှုလည်းရှိနေ သည်။ |
| ကျန်းမာရေးအဆောက်အအုံ၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု | • ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသေးပါ။ ရွာသူ/ သားများအတွက်ကျန်းမာရေးဝန်ဆောင်မှုကိုအနီးရှိကျေးရွာကိုသာ မှီခိုနေရဆဲဖြစ် ပါသည်။ |
| လျှပ်စစ်မီးမရရှိသေးခြင်း | • ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပါ။ ရွာသားများအတွက် လူနေမှု အဆင့်အတန်းနှင့်ဖွံ့ဖြိုးရေးကို အတိုင်းအတာတစ်ရပ်ထိ သက်ရောက်မှု ရှိပါသည်။ |

## ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ဇယား (၄၅) : ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ၁ | စီမံအုပ်ချုပ်မှုစနစ်<br>• အဖွဲ့အစည်းဆိုင်ရာ သဘောတရားများ အား သိကျွမ်းမှု အားနည်းခြင်း၊ | • အဖွဲ့အစည်းများ အကြားချိတ်ဆက် ဆောင်ရွက်မှုအား နည်း ခြင်း၊<br>• အဖွဲ့အစည်းရှိ စည်းမျဉ်းစည်း ကမ်းသတ်မှတ်ချက်နှင့်အဖွဲ့ဝင် များလိုက်နာမှု အား နည်းခြင်း၊ | • အဖွဲ့အစည်းများဖွဲ့စည်းပြီးဖြစ်ခြင်း၊ | • အဖွဲ့အစည်းဆိုင် ရာ သဘောတရားသင် တန်းဝန်ဆောင်မှုပေး သောအဖွဲ့အစည်းများ နှင့်ချိတ်ဆက်မရှိခြင်း၊<br>• ငွေကြေးမတတ်နိုင် ခြင်း၊ | • ရပ်မိရပ်ဖများမှအဖွဲ့အစည်းများအကြားညှိနှိုင်းချိတ်ဆက်ပေးခြင်း<br>• သင်တန်းပေးနိုင်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ခြင်း၊ | ကျေးရွာလူမှုအဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးနှင့်စွမ်းရည်မြှင့်တင်ရေး<br>• အဖွဲ့အစည်းဆိုင်ရာသဘောတရားသင်တန်း ပို့ချပေးခြင်း၊<br>• ခေါင်းဆောင်မှုသင်တန်း ပို့ချပေးခြင်း<br>• ငွေစာရင်းထိန်းသိမ်းမှု သင်တန်းပို့ချပေးခြင်း |
| ၂ | စိုက်ပျိုးရေးကဏ္ဍ<br>• စိုက်ပျိုးထုတ် လုပ်မှု လျော့နည်းခြင်း၊ | • စိုက်ပျိုးရေး သွင်းအားစုများအတွက်ငွေကြေး မပြည့်စုံခြင်း၊<br>• နည်းပညာအ ထောက်အပံ့ အားနည်းခြင်း၊<br>• စိုက်ပျိုးရေးအသိပညာ အားနည်းခြင်း၊ | • လယ်ယာမြေဧရိယာ ကျယ်ပြန့်ခြင်း၊<br>• မိုးရွာသွန်းမှုအသင့်အတင့်ကောင်းခြင်း၊ | • လယ်မြေများ စိုက်ပျိုးသင့်ချိန်တွင် ရေဖုံးလွှမ်းနေခြင်း | • ဘဏ်များနှင့်ဆက် သွယ်ဆောင်ရွက်နိုင် ရာများဖန်တီးပေးခြင်း<br>• ရေနုတ်မြောင်းမကြီး တည်ဆောက်ပေးခြင်း | စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး<br>• စိုက်ပျိုးရေးနည်း စနစ်များ ရရှိရေး၊<br>• ချေးငွေရရှိနိုင်ရေး၊ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း များ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | • ရေကြီးကွင်းများ ကြောင့်စိုက်ပျိုးချိန်မမှန်ခြင်း၊ | | | | |
| ၃ | မွေးမြူရေးကဏ္ဍ<br>• မွေးမြူရေးလုပ်ငန်းများမှအကျိုးအမြတ်လျော့နည်းခြင်း၊ | • ငွေကြေးချို့တဲ့မပြည့်စုံခြင်း၊<br>• နည်းပညာအထောက်အပံ့အားနည်းခြင်း၊<br>• မွေးမြူရေးနည်းပညာအားနည်းခြင်း၊<br>• ကူးစက်ရောဂါများကျရောက်တတ်ခြင်း၊ | • တနိုင်တပိုင်မွေးမြူရေးလုပ်ရန်အိမ်မြေခြံများရှိနေခြင်း၊<br>• မွေးကုဦးစီးဌာနမှနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊<br>• ဈေးကွက်ခိုင်မာခြင်း<br>• ဘဲမွေးမြူရေးအတွက်ရေမြေအနေအထားသင့်တော်ခြင်း၊ | • ကာကွယ်ဆေးပုံမှန်မထိုးပဲစွန့်စားသောအလေ့အထရှိခြင်း၊<br>• ရောဂါဖြစ်ပွါးမှုအမြစ်ပြတ်ရေးစနစ်မရှိခြင်း၊<br>• မွေးမြူရေးအစာဈေးနှုန်းမတည်ငြိမ်ဘဲမြင့်တက်ခြင်း၊ | • ဘဏ်များနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရာများဖန်တီးပေးခြင်း၊<br>• ဈေးသက်သာပြီးထိရောက်မှုရှိသောကာကွယ်ဆေးထိုးမှုစနစ်ချမှတ်ခြင်း၊<br>• သုတေသနဓါတ်ခွဲခန်းများဖွင့်ပေးခြင်း၊ | မွေးမြူရေးအကျိုးအမြတ် ဖြစ်ထွန်းရေး<br>• မွေးမြူရေးနည်းစနစ်များ ရရှိရေး၊<br>• ချေးငွေရရှိနိုင်ရေး၊ |
| ၄ | စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း များ<br>• အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ | • သက်မွေးဝမ်း ကျောင်းသင်တန်းများမရရှိခြင်း၊<br>• ချေးငွေအလွယ်တကူမရရှိခြင်း၊<br>• မြေယာအကန့်အသတ်ရှိခြင်း၊ | • အလုပ်လုပ်နိုင်သည့်လုပ်သားအင်အားရှိခြင်း၊ | • သက်မွေးဝမ်း ကျောင်းနည်းပညာသင်တန်းရရှိရာနှင့်အလှမ်းဝေးခြင်း၊<br>• ဈေးကွက်ထိုးဖောက်ရန်ကျွမ်းကျင်မှု၊ အသိအမြင်အားနည်းခြင်း၊ | • သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု မြှင့်တင်ပေးခြင်း၊<br>• ချေးငွေဝန်ဆောင်မှုလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ပြီးကျေးရွာလူထုနှင့်ချိတ်ဆက်ခြင်း၊ | အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေး<br>• အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊<br>• အသေးစားလုပ်ငန်းများတည်ထောင်တိုးချဲ့နိုင်ရန်အတွက်ချေးငွေရရှိရာများနှင့်ချိတ်ဆက်ပေးခြင်း၊ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ၅ | <u>ပညာရေး</u><br>• ပညာရေးရလာဒ် မပြည့်မီခြင်း၊ | • ဆရာ/မ အင်အား အပြည့် မရှိခြင်း၊<br>• ကျောင်းဆောင် ပြုပြင်ရန် လိုအပ်ခြင်း၊<br>• စာသင်ခုံမလုံလောက်ခြင်း၊ | • ရှာသားအများစုပညာရေးအားစိတ်ဝင်စားမှုရှိ ခြင်း၊<br>• မိဘဆရာအသင်းဖွဲ့စည်းထားရှိကာလှုပ်ရှားဆောင်ရွက်မှုရှိခြင်း | • ကျောင်းသားများညဘက်စာဖတ်နိုင်ရန် လျှပ်စစ်မီး မရှိခြင်း၊<br>• မိဘဆရာအသင်းပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်လိုအပ်ခြင်း | • ပညာရေးဌာနမှ ပုံမှန်ကွင်းဆင်းစစ်ဆေးခြင်းနှင့် စွမ်းရည်မြှင့်သင်တန်းပေးခြင်း၊<br>• မိဘဆရာအသင်းဝင်များ ပူးပေါင်းမှုဖြင့် ပညာရေး အဆောက်အဦများနှင့်ဝန်ဆောင်မှုများကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ | <u>ကလေးပျော်ကျောင်းဝန်းကျင်ဖန်တီးခြင်း</u><br>• ဆရာ၊ဆရာမ အင်အားဖြည့်တင်းခြင်း၊<br>• ကျောင်းဆောင်အားပြုပြင်မွမ်းမံခြင်း၊<br>• မူကြိုကလေးထိန်းကျောင်းဆောက်လုပ်ဖွင့်လှစ်ခြင်း၊ |
| ၆ | <u>ကျန်းမာရေး</u><br>• ကျန်းမာရေး အဆင့်အတန်းမပြည့်ဝခြင်း၊ | • ကျေးလက်ဆေး ပေးခန်း မရှိသေးခြင်း၊<br>• အိမ်သာကျင်းတွင်ဝါးခွေသုံးခြင်း၊<br>• ရေလွှမ်းဧရိယာ တွင်ကျရောက် နေခြင်း၊ | • ရွာသားများ စိတ်ဝင်စားမှု မြင့်မားခြင်း၊ | • ဌာနမှတုန့်ပြန် ဆောင်ရွက်မှုနှေးကွေးခြင်း၊ | • ကျန်းမာရေးဝန်ထမ်းတိုးချဲ့ ခွင့်ပြုပေးခြင်း၊<br>• ဓါတ်ခွဲစစ်ဆေးခန်းဖွင့်လှစ်ပေးခြင်း၊ | <u>ကျန်းမာရေးအဆင့်အတန်းပြည့်မီရေး</u><br>• ကျေးလက်ဆေးပေးခန်းတည်ထောင်ဖွင့်လှစ်ခြင်း၊<br>• သောက်ရေကန်တူးဖော်မွမ်းမံခြင်း၊<br>• အိမ်သာကျင်းသုံးကွန်ကရစ်ခွေများရရှိရေးဆောင်ရွက်ခြင်း၊ |
| ၇ | <u>လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား</u><br>• အလုပ်လက်မဲ့ | • ပညာရေးအဆင့်အတန်းနိမ့်ခြင်း၊ | • အလုပ်လုပ်နိုင်သည့်လူငယ်၊လူရွယ်များရှိ | • သက်ဆိုင်ရာမှလေ့လာသင်ယူနိုင်ရေးအထောက် | • စက်ရုံ၊အလုပ်ရုံထူထောင်ပြီးအလုပ်အကိုင် | <u>လူငယ်ဖွံ့ဖြိုးရေး</u><br>• အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | များခြင်း၊ | • လေ့လာသင်ယူစရာနေရာ မပြည့်စုံခြင်း၊<br>• အင်တာနက်ဆက်သွယ်ရေးမကောင်းခြင်း၊ | နေခြင်း၊ | အပံ့အားနည်းခြင်း၊ | ဖန်တီးပေးခြင်း၊<br>• ရွာအရောက်သင်တန်းများပံ့ပိုးခြင်း၊ | • လေ့လာသင်ယူရေးပတ်ဝန်းကျင် ဖန်တီးခြင်း၊ |
| ၈ | <u>ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦး များ</u><br>• ရွာချင်းဆက်လမ်းမကောင်းခြင်း၊ | • မြေသားလမ်းဖြစ်နေခြင်း၊<br>• ငွေကြေးမတတ်နိုင်ခြင်း၊ | • နဂိုရ်လမ်းရိုးရှိနေခြင်း၊ | • သက်ဆိုင်ရာမှရွာအဆင့်လမ်းဖောက်ပေးသည့်အထောက်အပံ့အားနည်းခြင်း၊ | • နိုင်ငံတော်မှရွာ အဆင့်လမ်းဖောက် ပေးသည့် အစီအစဉ် ချမှတ်ခြင်း၊ | <u>လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး</u><br>• ရွာချင်းဆက်လမ်းကျောက်ချောလမ်းခင်းခြင်း၊ |
| | • တံတားလိုအပ်ချက်ရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း၊<br>• မိုးရာသီသွားလာရခက်ခဲခြင်း | • ရွာသူရွာသားများစိတ်ဝင်စားမှု မြင့်မားခြင်း | • သက်ဆိုင်ရာမှအထောက်အပံ့ အားနည်းခြင်း၊<br>• | • နိုင်ငံတော်မှ တံတားဆောက်လုပ်ပေးမည့် အစီအစဉ် ချမှတ်ခြင်း၊ | • တံတားဆောက်လုပ်ခြင်း |
| | • လျှပ်စစ်မီးမရရှိသေးခြင်း၊ | • ငွေကြေးမတတ်နိုင်ခြင်း၊<br>• ပင်မဓာတ်အားလိုင်းနှင့် (၁၅) ကီလိုမီတာခန့်ဝေးကွာခြင်း၊ | • ရွာသူရွာသားများလိုလားမှုရှိခြင်း၊<br>• ရွာသို့ ဆက်သွယ်ရေးအတော်အသင့်ကောင်းမွန်ခြင်း၊ | • မြို့ပြကဲ့သို့ကျေးရွာများတွင်ပံ့ပိုးမှုမရှိသေးခြင်း | • နိုင်ငံတော်မှ ပံ့ပိုးပေးခြင်း၊ | <u>လျှပ်စစ်မီးရရှိရေး</u><br>• ကျေးရွာမှ ငွေကြေးကောက်ခံပြီး ပင်မဓါတ်အားလိုင်းနှင့်ချိတ်ဆက်ခြင်း၊ |

## ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၅ ခု ဇူလိုင်လက လွမ်းပြေကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကိုရွာသူ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

<table>
<tr><td colspan="2">ကျေးရွာ -<br>ကျေးရွာအုပ်စု -<br>မြို့နယ် -<br>တိုင်းဒေသကြီး /ပြည်နယ် -</td></tr>
<tr><td colspan="2">စီမံကိန်းအမည် -</td></tr>
<tr><td colspan="2">စီမံကိန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ</td></tr>
<tr><td colspan="2">စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)</td></tr>
<tr><td colspan="2">စီမံကိန်းဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)</td></tr>
<tr><td colspan="2">စီမံကိန်း ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့်အစီအစဉ်</td></tr>
<tr><td>• ……………………(ငွေသား)<br>• ……………………..(ငွေသား)<br>• ………………………(ပစ္စည်း/လုပ်အား)<br>•</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>•</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့်–၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄ | | | | | | | | |

**စီမံကိန်း အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံကိန်းစတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံကိန်းပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |